Australian Aid

World Vision

# Smart Navigator Training Manual

ကျွမ်းကျင်သောလမ်းပြ သင်တန်းလမ်းညွှန် စာအုပ်



## Part A

The Vanguard Series

**ရွှေ့ပြေးစာစဉ်-** လူကုန်ကူးခြင်းနှင့် မလုံခြုံသောရွှေ့ပြောင်းသွားလာခြင်းများအား တိုက်ဖျက်ရန် အတွက် ဆန်းသစ်တီထွင်ထားသော လမ်းသစ်ခင်းခြင်း

ကျွမ်းကျင်သောလမ်းပြလူငယ် သင်တန်း လမ်းညွှန် စာအုပ်

@ဝေါလ်ဗီရှင် International 2014

ISBN 978-0-918261-42-7

စာရေးသူနှင့်ပါဝင်သူများ- Camilla Jordanwood, John Whan Yoon, Amy Collins, Tiffany Tao Joiner, Aimyleen Gabriel နှင့် Mandy Yamanis.

မူပိုင်ခွင့်အားလုံး ကာကွယ်ထားသည်။ ထုတ်ဝေသူထံတွင် ခွင့်ပြုချက်မရရှိဘဲ ဤစာအုပ်၏မည်သည့် အစိတ်အပိုင်းကိုမဆို မည်သည့်ပုံစံဖြင့်မဆို ကောက်နုတ်သုံးသပ်ချက်များမှလွဲ၍ ပြန်လည်ထုတ်ဝေခြင်း မပြုလုပ်ရ။

ဝေါလ်ဗီရှင် International ကိုယ်စား End Traf¬cking in Persons (လူကုန်ကူးမှုအဆုံးသတ်ရေး) Programme မှ ထုတ်ဝေသည်။

ဝေါလ်ဗီရှင်သည် ခရစ်ယာန်လူမှုရေးအဖွဲ့အစည်းဖြစ်ပြီး ကလေးသူငယ်များ၊မိသားစုများနှင့် ရပ်ရွာလူထုများ၏ ဆင်းရဲခြင်းနှင့် မမျှတမှုများမှ ကျော်လွှားနိုင်ရန် အလုပ် လုပ်ဆောင်နေခြင်းဖြစ်သည်။ ဝေါလ်ဗီရှင်သည် ကမ္ဘာအရပ်ရပ်ရှိ ဆင်းရဲနွမ်းပါးသည့် ကလေးသူငယ်များ၊မိသားစုများနှင့် ရပ်ရွာလူထုများ၏ ရေရှည်ဖွံ့ဖြိုးရေးအတွက် အထူးအလေးထားဆောင်ရွက်နေသည်။ ဝေါလ်ဗီရှင်သည် လူမျိုး၊ဘာသာ၊ယုံကြည်သက်ဝင်မှု၊ ကျား၊မ အသက်အရွယ် မခွဲခြားဘဲ အကူအညီပေးလျက်ရှိသည်။ ဤထုတ်ဝေမှုအကြောင်း သို့မဟုတ် ဝေါလ်ဗီရှင် International အကြောင်း၊သို့မဟုတ်ထုတ်ဝေခြင်း၏မိတ္တူများအကြောင်း ပိုမိုသိရှိလိုလျှင်၊ ကျေးဇူးပြုပြီး wvi_publishing@wvi.org သို့ဆက်သွယ်ပါ။

ဝေါလ်ဗီရှင် International- Myanmar အကြောင်းပိုမို သိရှိလိုလျှင် ၊ကျေးဇူးပြုပြီး wvi.org/myanmar သို့ ဆက်သွယ်ပါ။
သုံးသပ်ခြင်းများနှင့်ပတ်သတ်သည့်ကိစ္စများတွင် ဤစာအုပ်၏အသုံးဝင်ပုံကို အသေးစိတ်သိရှိရပါက ကျေးဇူးတင်ရှိပါသည်။

လူကုန်ကူးမှုအဆုံးသတ်ရေးစီမံကိန်း ကိုယ်စား Amy Collins. Senior Editor : Heather Elliott. Production Management: Katie Klopman Fike. Copyediting: Joan La amme. Proofreading: Audrey Dorsch. Cover Design and Interior Layout: Inis Communication. Illustrations: Rishi Mandhyan, John Kelvin Co, and Bleps Carlos-Dapo တို့မှ စီစဉ် တည်းဖြတ်ထားသည်။

ဒီဇိုင်းနှင့် ထုတ်ဝေခြင်းအား Inis Communication – www.iniscommunication.com မှ လုပ်ဆောင်သည်။

World Vision

# Smart Navigator

# Training Manual

## ကျွမ်းကျင်သောလမ်းပြ သင်တန်းလမ်းညွှန် စာအုပ်



The Vanguard Series



# ကျေးဇူးတင်လွှာ

ကျွမ်းကျင်သောလမ်းပြသင်ရိုးညွှန်းတမ်းစာအုပ် မူရင်းကို ပြုစုပေးသူ Camilla Jordanwood ကလူကုန်ကူးမှုနှင့်ပတ်သက်သည့် အန္တရာယ်များနှင့် ၎င်း၏အန္တရာယ်များမှရှောင်ရှားနိုင်ရန် ဘဝတွက်တာကျွမ်းကျင်မှုများရရှိရန် တည်ထွင်ကြံဆပြီး ဤစာအုပ်ကိုရေးသားခဲ့ပါသည်။

ဤစာအုပ်ကို ဝိုင်းဝန်းဖတ်ရှုတည်းဖြတ်ပေးသည့် အောက်ပါပုဂ္ဂိုလ်အသီးသီးကိုလည်း အထူးကျေးဇူးတင်ရှိ ပါသည်။ John Whan Yoon, ဝေါလ်ဗီရှင် End Trafficking in Persons (လူကုန်ကူးမှုအဆုံးသတ်ရေး) Programme Manager; Amy Collins, ဝေါလ်ဗီရှင်လူကုန်ကူးမှုအဆုံးသတ်ရေး Prevention Project Manager; Tiffany Tao Joiner, ဝေါလ်ဗီရှင် Child Participation and Child Well-Being and Rights Specialist; Aimyleen Gabriel, ဝေါလ်ဗီရှင် Technical Program Manager for Child Protection; and Mandy Yamanis, ဝေါလ်ဗီရှင် Child Protection and Participation Learning Hub.

ဤစာအုပ်ဖြစ်ပေါ်လာရေးအတွက် အဖက်ဖက်မှ အထူးဝိုင်းဝန်းကူညီပေးခဲ့ကြသော လူကုန်ကူးမှုအဆုံးသတ်ရေး စီမံကိန်းဝန်ထမ်းများဖြစ်ကြသော ကမ္ဘောဒီးယား မှ  Kimthea Pich နှင့် Sophal Chea၊ တရုတ်ပြည်မှ Fei Wang နှင့် Xue Lian၊ လာအိုနိုင်ငံမှ Southasa Bousdy နှင့် Phouthaluck Phontsaona၊  မြန်မာနိုင်ငံမှ ဘန်အောင်နှင့် ခင်မျိုးသန့်၊ ထိုင်းနိုင်ငံမှ Chinethai Rucsachart နှင့် Natpimon Apipongpisarn ၊ တို့နှင့် ဗီယက်နမ် နိုင်ငံမှ Le Thi Thanh Hang and Vu Thi Du တို့ကို အထူးကျေးဇူး တင်ရှိပါသည်။

မဲခေါင်မြစ်ဝှမ်းဒေသတွင် လူကုန်ကူးမှုနှင့်လုံခြုံမှုမရှိသည့် ရွှေ့ပြောင်းသွားလာခြင်းများကို လေ့လာမှတ်တမ်းတင်နေကြသော သုတေသီများနှင့် ကျွမ်းကျင်သူများ ကိုလည်း အထူး ကျေးဇူးတင်ပါသည်။ ကလေးများ၏ အခွင့်အရေးဖောက်ဖျက်နေမှုများနှင့် အကာအကွယ်ပေးရန်နည်းလမ်းများ ကို သတိပြုမိရန် နှင့် ပိုမိုနားလည် သဘောပေါက်ရန် ၎င်းတို့၏ လုပ်ငန်းများ သည်လည်း အရေးကြီးပါသည်။

ဤစီမံချက်ဖြစ်မြောက်ခြင်းအတွက် ဝေါလ်ဗီရှင်နှင့် လူကုန်ကူးမှုအဆုံးသတ်ရေး စီမံကိန်းကိုလည်း အထူးကျေးဇူးတင်ပါသည်။

ကျေးဇူးတင်ပါသည်

Amy Collins
လူကုန်ကူးမှုအဆုံးသတ်ရေး Regional Prevention Project Manager



# အမှာစာ

လူကုန်ကူးမှုသည် ကမ္ဘာတစ်ဝန်းလုံးရှိ ကလေးသူငယ်များ၊ အမျိုးသမီးများနှင့် အမျိုးသားများကို ထိခိုက်နစ်နာစေသော ဆိုးဝါးသည့် ရာဇဝတ်မှု ဖြစ်သည်။ ၎င်းသည် မိမိအကျိုးအမြတ်ရရှိရေးအတွက် လူတစ်ဦးတစ်ယောက်အား ခေါင်းပုံဖြတ်ခံရသည့် အခြေအနေသို့ ကျရောက်တည်ရှိစေသည်။ ခေါင်းပုံဖြတ်ခံရသည့်အခြေအနေများမှာ အဓမ္မ အလုပ်စေခိုင်းခြင်း (သို့) ကြွေးမြီဖြင့်နှောင်ဖွဲ့၍ အလုပ်စေခိုင်းခြင်း၊ ကလေးလုပ်သား ဖြစ်စေခြင်း၊ လိင်မှုဆိုင်ရာခေါင်းပုံဖြတ်ခြင်း၊ အိမ်ဖော် (သို့) လက်နက်ကိုင် ပဋိပက္ခတွင်ပါဝင်စေခြင်းတို့ဖြစ်သည်။

မဲခေါင်ဖြစ်ဝှမ်းဒေသတွင် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် (၆) နိုင်ငံတို့ပါဝင်ပြီး ၎င်းတို့ကို မဲခေါင်မြစ်ဖြင့် ဆက်နွယ်ထားသည်။ ဤဒေသတွင် ရွှေ့ပြောင်းသွားလာခြင်း အလွန်များရခြင်းမှာ တရားဝင်နှင့်လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာရန်အတွက် ကန့်သတ်ချက်များသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ရွှေ့ပြောင်းသွားလာသူများကို ခေါင်းပုံဖြတ်ရန်နှင့်လူကုန်ကူးရန် အခွင့်အရေးကောင်းများကို ဖန်တီးပေးသည့် စားကျက်မြေဖြစ်နေပါသည်။ လျှို့ဝှက်စွာဖြင့် တရားမဝင်ဖြစ်နေသည့် ပြစ်မှုများ၏အခြေအနေကြောင့် တကယ်ဖြစ်ပျက်နေသည့် လူကုန်ကူးမှုအတိုင်းအတာကို တိကျစွာ ခန့်မှန်းရန် ခက်ခဲသော်လည်း ကြီးမားသည့်အတိုင်းအတာဖြင့် လူကုန်ကူးမှုအမျိုးမျိုး အဖုံဖုံဖြစ်ပေါ်နေသည့် သက်သေသာဓကများစွာကို ဤဒေသတွင် တွေ့ရှိရပါသည်။

လူကုန်ကူးမှုကို တိုက်ဖျက်ရန် ဝေါလ်ဗီရှင်အပါအဝင် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် အဖွဲ့အစည်းများနှင့် မဲခေါင်ဒေသအစိုးရများသည် ကြိုးစားအားထုတ်နေကြပါသည်။ ဒေသဆိုင်ရာစီမံကိန်းတစ်ခုဖြစ်သည့် ဝေါလ်ဗီရှင်၏လူကုန်ကူးမှုအဆုံးသတ်ရေးစီမံကိန်းကို အောက်တိုဘာ ၂၀၁၁ မှ စက်တင်ဘာ ၂၀၁၆ ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။ မဲခေါင်ဒေသ ၆ နိုင်ငံတွင် အကောင်အထည်ဖော်လျှက်ရှိပြီး လူကုန်ကူးမှုအဆုံးသတ်ရေးစီမံကိန်းသည် အကြီးဆုံးစီမံကိန်းတစ်ခုဖြစ်ပြီး ကြိုတင်ကာကွယ်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း နှင့် မူဝါဒ စသည့် အဓိက မဏ္ဍိုင်ကြီး (၃) ရပ် ပါဝင်ပါသည်။

ဝေါလ်ဗီရှင်သည် ကလေးသူငယ်များနှင့် လူငယ်များကို ပြောင်းလဲမှု ဖြစ်စဉ်၏ အဓိကကျသောကိုယ်စားလှယ်များဟု ခံယူထားသည့်အတွက် ကလေးသူငယ်များနှင့် လူငယ်များ၏အခွင့်အရေးကို မြှင့်တင်ပေးခြင်းအားဖြင့် လူကုန်ကူးမှု တိုက်ဖျက်ရေးတွင် ၎င်းတို့တိုက်ရိုက်ပါဝင်လာနိုင်အောင် ပျော်ရွှင်ဖွယ်ကောင်းသည့် လူငယ်အစီအစဉ်များကို လူကုန်ကူးမှုအဆုံးသတ်ရေးစီမံကိန်းတွင် အရင်းအနှီးပြုထားသည်။ ကာကွယ်မှု မဏ္ဍိုင်စီမံချက်အောက်တွင် လူငယ်များအချင်းချင်း ပုံမှန်တွေ့ဆုံနိုင်ရန် အသင်းအဖွဲ့များ ဖွဲ့ပြီး လူကုန်ကူးမှုအကြောင်းကို လေ့လာသိရှိပြီး ဗဟုသုတ အတွေ့အကြုံများဖလှယ်ခြင်းအားဖြင့် လူကုန်ကူးမှုမခံရအောင် ကိုယ့်ကိုယ်ကို နှင့် ၎င်းတို့၏သူငယ်ချင်းများကိုလည်း သတင်းအချက်အလက်များ ဖြန့်ဝေနိုင်ရန် စီစဉ်ထားသည်။ ဤစာအုပ်သည် မိမိကိုယ်ကို ခုခံကာကွယ်နိုင်စွမ်း မရှိဆုံးဖြစ်သည့် လူငယ်များ မိမိကိုယ်ကို စီမံခန့်ခွဲနိုင်သည့် အရည်အချင်း၊ ထိရောက်စွာဆက်သွယ်နိုင်မှု နှင့် လိုရာကို ဆွေးနွေးတိုင်ပင်ညှိနှိုင်းနိုင်သော အရည်အချင်း၊ အကျပ်အတည်းနှင့် ရင်ဆိုင်နေရပါက မှန်မှန်ကန်ကန် တွေးတောပြီး မှန်ကန်သည့်ဆုံးဖြတ်ချက်ချနိုင်သည့် အရည်အချင်း၊ ဘဝရှေ့ရေးအတွက် မှန်ကန်သော ရည်မှန်းချက်ချနိုင်သည့်အရည်အချင်း အစရှိသော ဘဝတွက်တာအတွက်လိုအပ်သည့် အရည်အချင်းများ ရရှိနိုင်ရန် စသည်တို့ကို ကူညီပေးနိုင်ရန် ရည်ရွယ်၍ရေးသားထားခြင်း ဖြစ်ပါသည်။ ဤအရည်အချင်းများရှိပါက လူငယ်များ လူကုန်ကူးမှုမခံရအောင် ကိုယ့်ကိုယ်ကို ကာကွယ်နိုင်မည်ဟု မျှော်လင့်ပါသည်။

ဤသင်ရိုးညွှန်းတမ်းစာအုပ်သည် မိမိကိုယ်ကိုနှင့်မိမိနေထိုင်ရာ လူမှုအဖွဲ့အစည်းရှိ လူငယ်များ လူကုန်ကူးမှုမခံရအောင် လူငယ်များ၏ ဘဝများကို ပုံသွင်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ အထက်ပါရလဒ်များရရှိနိုင်ရန်နှင့် ရေရှည်တည်တန့်ခိုင်မြဲရန် လူငယ်အသင်းအဖွဲ့များ ရည်ရွယ်ဖွဲ့စည်းထားခဲ့ပါသည်၊ ဤကဲ့သို့ဖွဲ့စည်းခြင်းမှာ ပထမခြေလှမ်းဖြစ်ပါသည်။

Agnes Ting

ဒေသခေါင်းဆောင် - အရှေ့အာရှ



# မာတိကာ



**ကျေးဇူးတင်လွှာ** ......................................ii
**အမှာစာ**......................................................iii
**မိတ်ဆက်ခြင်း** ..............................................၁
**သင်တန်းအဆင့်များ** ...................................... ၂
ကျွမ်းကျင်သောလမ်းပြလူငယ်သင်တန်း
လမ်းညွှန်အတွက်သင်တန်းအချိန်ဇယား........................၃
ကျွမ်းကျင်သော လမ်းပြလူငယ် သင်ရိုးညွှန်းတမ်း
စာအုပ်အတွက်သင်တန်းလမ်းညွှန် . ......................၄

**အပိုင်း (က)**
**ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့**
**အားစတင်တည်ထောင်ခြင်း** .................... ၆
**အခန်း (၁)** ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့အား
မည်ကဲ့သို့တည်ထောင်ရမည်နည်း.............................. ၈
IS 1a - ရှာဖွေမှုသိပ္ပံ၏ ဖွံ့ဖြိုးခြင်း ပိုဆိုင်မှု အရည်အချင်း
အချက် ၄၀ ၁၈
IS 1b - စစ်ဆေးရမည့်အချက်အလက် -ကျွမ်းကျင်သောလမ်းပြ
လူငယ်အဖွဲ့၏အလုပ်ရုံဆွေးနွေးပွဲ ................................၂၀
IS 1c - စစ်ဆေးရမည့် အချက်အလက် - ကျွမ်းကျင်သောလမ်း
ပြလူ ငယ်အဖွဲ့ ကောင်းမွန်သော လူကြီးဦးဆောင်သူ .......၂၁
IS 1d - စစ်ဆေးရမည့်အချက် အလက် - ကျွမ်းကျင်သော
လမ်းပြလူငယ်အဖွဲ့ ကောင်းမွန်သော လူငယ်ဦးဆောင်သူ...၂၁
IS 1e- စစ်ဆေးမည့်အချက် အလက် -
ထိခိုက်လွယ်သောလူငယ် .......၂၂
IS 1f စစ်ဆေးရမည့် အချက်အလက် - ကျွမ်းကျင်သောလမ်းပြ
လူငယ်အဖွဲ့၏သင်တန်းနေရာ ................................ ၂၂

**အခန်း(၂)** - အန္တရာယ်ဖြစ်နိုင်ချေအကဲဖြတ်ချက် ...........၂၃
IS 2a - ပါဝင်သောလူငယ်များအတွက်
သဘောတူညီချက်ပုံစံ .............................................၂၈
IS 2b - မိဘများသို့မဟုတ်ပါဝင်သူလူငယ်များ၏
အုပ်ထိန်းသူများအတွက်သဘောတူညီချက်ပုံစံ ...............၂၉
IS 2c - အန္တရာယ်ဖြစ်နိုင်ချေအကဲဖြတ်ချက်ကိရိယာ........၃၀

**အပိုင်း (ခ)**
**ကျွမ်းကျင်သော လမ်းပြ သင်တန်း**
**သင်ရိုးညွှန်းတမ်းစာအုပ်၏အင်္ဂါရပ်များ**..........၃၃
**အခန်း (၃)** ကျွမ်းကျင်သော လမ်းပြသင်တန်း
သင်ရိုးညွှန်းတမ်း စာအုပ်၏အင်္ဂါရပ်များ. ......................၃၅
IS 3a - စာမဖတ်တတ်သောလူငယ်...........................၄၁
**အခန်း (၄)** ကျွမ်းကျင်သော လမ်းပြသင်တန်း
သင်ရိုးညွှန်းတမ်းစာအုပ်ကိုစောင့်ကြည့်လေ့လာခြင်း..........၄၂

**အပိုင်း (ဂ)**
**ဦးဆောင်မှုအရည်အချင်းများ**........................၄၇
**အခန်း (၅)** လူငယ်များနှင့်ဆက်ဆံခြင်း ......................၄၉
IS 5a - ဖြစ်စဉ်လေ့လာခြင်း၊စာရွက် ၁ ...................... ၅၂
IS 5b - ဖြစ်စဉ်လေ့လာခြင်း၊စာရွက်၂ .........................၅၂
**အခန်း (၆)** ဦးဆောင်မှု အရည်အသွေ း....................၅၃
လူငယ်များနှင့်အလုပ်လုပ်ခြင်း ..................................၅၃
IS 6a - တင်ပြပုံ တင်ပြချက်ကျွမ်းကျင်မှုများ ................၅၇
**အခန်း (၇)**မည်သို့ ဦးဆောင်မည်နည်း.......................၅၈
IS 7a - အလည့်ကျကစားခြင်းဖြင့်ဆွေးနွေးခြင်း .............၆၁
IS 7b - ဦးဆောင်ဆွေးနွေးခြင်းများ ......................... ၆၁
**အခန်း (၈)**လိင် သို့မဟုတ် နှောင့်ယှက်သည့်အကြောင်း
အရာများ မည်သို့ကိုင်တွယ်ရမည်နည်း.........................၆၂
**အခန်း (၉)** ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင်
ကလေးသူငယ်ကာကွယ်ခြင်း...................................၆၆



## အပိုင်း (ဃ)


## လူငယ်များဦးဆောင်မှုသင်တန်း.................. ၇၁

**အခန်း (၁၀)** ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့အား

လူငယ်ဦးဆောင်သူများနှင့်မိတ်ဆတ်ပေးခြင်း.................၇၂

IS 10a - သွေးပူလေ့ကျင့်ခန်း-ကစားနည်းများ ................၇၈

IS 10b - မှတ်ဉာဏ်ဘောလုံးကစားနည်းမေးခွန်း၁...........၈၁

**အခန်း (၁၁)** သွေးပူလေ့ကျင့်ခန်းကစားနည်းများကို

မည်ကဲ့သို့ဦးဆောင်မည်နည်း.....................................၈၃

ဘာကြောင့်သွေးပူလေ့ကျင့်ခန်းကစားနည်းကို

ကျွန်ုပ်တို့ပြုလုပ်ရသနည်း။ ..................................... ၈၄

**အခန်း (၁၂)** စာဖတ်ရန်ခက်ခဲနေသောလူငယ်များကို

မည်ကဲ့သို့ကူညီမည်နည်း။ .......................................၈၈

IS 12a - စာဖတ်ခြင်း...............................................၉၁

IS 12b - အဖြေများအားဖတ်ပြခြင်း..............................၉၁

**အခန်း (၁၃)** အုပ်စုငယ်ဆွေးနွေးခြင်းဦးဆောင်ခြင်း

ကိုမည်ကဲ့သို့ကူညီရမည်......................................... ၉၂

IS 13a - သရုပ်ဆောင်ခြင်း..(Role Play)......................၉၆

IS 13b - ဆွေးနွေးပွဲများအားဦးဆောင်ခြင်း ...................၉၆

**အခန်း (၁၄)** ကျွမ်းကျင်သောလမ်းပြ

လူငယ်အဖွဲ့ နှင့် အဖွဲ့ဝင်များအကြားမည်ကဲ့သို့ ရင်းနှီးမှု တည်

ဆောက်မည်နည်း ....................................................၉၇

IS 14a မှတ်ဉာဏ်ဘောလုံးကစားနည်း

မေးခွန်းများ၂ ......................................................၁၀၁

# မိတ်ဆက်ခြင်း



ယနေ့တွင် သမိုင်းရှိအခြားအချိန်များထက် လူများသည် အလုပ်လုပ်ကိုင်ရန် ပိုမို ရွှေ့ပြောင်းသွားလာကြချိန်ဖြစ်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုရလဒ်အရ ကျေးရွာများမှ လူငယ်များသည် မိမိတို့မွေးဖွားရာဒေသမှ ခရီးမိုင်ထောင်ပေါင်းများစွာရှိရာ ယဉ်ကျေးမှုနှင့်ဘာသာစကား မတူညီသောအခြားနိုင်ငံများဆီသို့ အလုပ်လုပ်ကိုင်ရန် သွားရောက်နေကြပါသည်။ ဤကဲ့သို့ များပြားလှစွာသောရွှေ့ပြောင်းမှုများသည် လူမှုပတ်ဝန်းကျင်၏ အစိတ်အပိုင်းတစ်ခုဖြစ်လာနေပြီး ကြီးမားသောအကျိုးများ ရရှိလာပါသည်။ ရွှေ့ပြောင်းသွားလာသူအချို့သည် သူတို့ဒေသထက် ပိုမိုကောင်းမွန်သောအလုပ်ရတတ်ပြီး မိသားစုအား အထောက်အပံ့ပြုနိုင်ကြပါသည်။ ရွှေ့ပြောင်းသွားလာသူများသည် ကမ္ဘာကြီးအကြောင်းကိုပိုမို လေ့လာနိုင်ကြပါသည်။ သို့သော်ရွှေ့ပြောင်းသွားလာခြင်းသည် ကြီးမားဆိုးကျိုးများကိုလည်း သယ်ဆောင်လာနိုင်ပါသည်။ ရွှေ့ပြောင်းသွားလာမှု မြင့်တက်လာသည်နှင့်အမျှ လူကုန်ကူးမှုလုပ်ငန်းသည်လည်း မြင့်တက်လာပါသည်။ ကမ္ဘာပေါ်တွင် ၂၀.၉ သန်းသောလူများသည် အဓမ္မအလုပ်စေခိုင်းခြင်း။ မလွတ်နိုင်သော ထောင်ချောက်မိခြင်း၊ ပြန်လည် မထွက်ခွာနိုင်ခြင်း အစရှိသည့် အန္တရာယ်များကြုံတွေ့နေရသည်ဟု အစီရင်ခံစာများတွင် ဖော်ပြထားပါသည်။ ယင်းတို့ထဲမှ ၅၆% သောသူများသည် အာရှပစိဖိတ် ဒေသမှ ဖြစ်ကြပါသည်။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့မှတဆင့် ဝေါလ်ဗီရှင်သည် လူငယ်များနှင့် သူတို့အချင်းချင်းအား လူကုန်ကူးမှုအန္တရာယ်မှ ကာကွယ်နိုင်ရန် အသိအမြင်မြင့်ပေးခြင်းဖြင့် လူကုန်ကူးမှု လျှော့ကျစေရေးအား တစ်ဖက်တစ်လမ်းမှ ကူညီနေခြင်း ဖြစ်ပါသည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့များသည် ကျေးရွာအဆင့် အဖွဲ့များဖြစ်ပြီး အသက် ၁၂-၁၇ နှစ်ကြား လူငယ်များအတွက် ဦးစားပေး ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ အခန်းတစ်ခန်းလျှင်(၇၅)မိနစ်ခန့်ကြာမြင့်မည်ဖြစ်ပြီးတစ်ပါတ်လျှင် တစ်ကြိမ်သို့မဟုတ်နှစ်ပါတ်တစ်ကြိမ်သင်ကြားမည်ဖြစ်သည်။ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့အား လူကြီးနှင့် လူငယ်နှစ်မျိုးမှ ဦးဆောင်သွားမည်ဖြစ်ပြီး ကျွမ်းကျင်သော လမ်းပြလူငယ်သင်တန်းလက်စွဲ စာအုပ်ဖြင့် သင်ကြားမည်ဖြစ်သည်။ သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)သည် လူငယ်များအား ဗဟုသုတနှင့် အရည်အချင်းတိုးတက်လာစေရန် ကူညီပေးနိုင်သည့် စာအုပ်တစ်အုပ်ဖြစ်သည်။ လူငယ်များသည် လူကုန်ကူးမှုအန္တရာယ်နှင့် ဥပဒေများအပါအဝင် မိမိကိုယ်ကိုကာကွယ်နိုင်မည့်အဆင့်များ ဥပမာ-ကွန်ယက်မှအကူအညီပေးသောအဖွဲ့များနှင့်ချိတ်ဆက်ပြီး အကူအညီရယူခြင်း။ အကူအညီပေးသည့် ဖုန်းနံပါတ်များအား ဆက်သွယ်အကူအညီတောင်းခံခြင်းတို့အား သင်ကြားရမည်ဖြစ်သည်။ တစ်ချိန်တည်းမှာ လူငယ်များသည်မိမိတို့ဘဝပိုမိုနိုင်မာစွာရှေ့လျှောက်လှမ်းနိုင်ရန် ဘဝတွက်တာသိမှတ်စရာများကိုလည်း သင်ယူရမည်ဖြစ်သည်။ ထိုစွမ်းရည်များသည် လူငယ်များ၏စိတ်နှင့် ခန္ဓာကိုယ်အား ကြံ့ခိုင်စေရန် တည်ဆောက်ပေးခြင်းဖြစ်သည်။ ပြင်ပအထောက်အကူစနစ်များကိုလည်း တိုးတက်ခိုင်မာစေသည်။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သည် ဝေါလ်ဗီရှင် Peace Club မော်ဒယ်လ် အားပုံဖေါ် တည်ဆောက် ထားခြင်း ဖြစ်သည်။ ဤသင်ရိုးညွှန်းစာအုပ်အား အသုံးပြုခြင်းအားဖြင့် လူငယ်များ၏ အရည်အချင်းနှင့် ဗဟုသုတများ ကြွယ်ဝလာစေပြီး၊ လူငယ်များသည် မိမိကိုယ်ကို အန္တရာယ်ကင်းစွာ စောင့်ရှောက်လာနိုင်မည်ဖြစ်သည်။

ဤကျွမ်းကျင်သောလမ်းပြသင်တန်း၊ လမ်းညွှန်စာအုပ်သည် ကျွမ်းကျင်သောလမ်းပြ သင်ရိုးညွှန်းတမ်းစာအုပ်နှင့်ပူးတွဲ ပေါင်းစပ်ထားခြင်းဖြစ်သည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူကြီးဦးဆောင်သူများအား လမ်းညွှန်နှင့်ပါတ်သတ်ပြီး သင်ကြားပေးထားပြီးမှ မိမိတို့ရပ်ရွာအတွက် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့အားပြန်လည် ဦးဆောင်စေခြင်းဖြစ်သည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့လူငယ်ဦးဆောင်သူများကို ဤလမ်းညွှန်၏အပိုင်း(ဂ)သာ သင်တန်းပေးရန်လိုသည်။ (လူငယ်ဦးဆောင်သူများသည် သင်တန်း၏အခြားအစိတ်အပိုင်းများအား မတက်ရပေ) ဤသင်တန်းလမ်းညွှန်စာအုပ်သည် သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit) မည်သို့အသုံးပြုရမည်ကို ပြသထားပြီး ဝေါလ်ဗီရှင်ဝန်ထမ်းများမှ ဦးဆောင်သူများအား သင်ကြားရေးဆိုင်ရာ နည်းပညာများသင်ကြားပေးထားပြီးဖြစ်သည်။ ဦးဆောင်သူများသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သို့ရောက်ရှိလာချိန်တွင် ယင်းသင်တန်းလက်စွဲစာအုပ်အား အသုံးပြုပြီး၊ တစ်ဆင့်ချင်းလုပ်ဆောင်သွားမည်ဖြစ်သည်။

၁။ နိုင်ငံတကာ အလုပ်သမား အဖွဲ့အစည်း၊ 'ILO Global Estimate of Forced Labour' (June 2012), http://www.ilo.org/wcmsp5/groups/public/---ed_norm/---declaration/documents/publication/wcms_182004.pdf.

၂။ နိုင်ငံတကာ အဖွဲ့အစည်းများမှ အသက် ၁၂-၁၇ နှစ်ကြားလူငယ်များအား "ကလေး"ဟု သတ်မှတ်သော်လည်း ဤတွင် "လူငယ်" ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ လမ်းညွှန်တွင်မူ ကလေးအစား လူငယ်ဟု ခေါ်ဝေါ်ချင်သောကြောင့် ဖြစ်သည်။

၃။ Search Institute မှ ကျင်းပပြုလုပ်သော သုတေသနရှိ ပြင်ပနှင့် အတွင်းနားလည်မှုဆိုင်ရာအားသာချက်များအား ရေးဆွဲခြင်းအား http://www.search-institute.orgရှိ '40 Developmental Assets'တွင်ကြည့်ရှုပါ။

၄။ L. Figueroa, B. Forbes and K. Mikailidi, The Peace Road Curriculum User's Manual (ဝေါလ်ဗီရှင် International: Seattle, 2011).



# သင်တန်း အဆင့်များ

သင်တန်းပေးထားသော
ဂေါလ်ဗီရှင် ဝန်ထမ်းများ

ဂေါလ်ဗီရှင် ဝန်ထမ်းများသည်
ကျွမ်းကျင်သောလမ်းပြသင်တန်း
လမ်းညွှန်နှင့်သင်ရိုးညွှန်းတမ်းစာအုပ်
အား အသုံးပြုပြီး သင်တန်းပေးရန်

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့
တစ်ခုစီတွင် သင်ရိုးညွှန်တမ်းစာအုပ်အား
အသုံးပြုရန်လူကြီး ဦးဆောင်သူ ၂ ဦးနှင့်
လူငယ်ဦးဆောင်သူ ၂-၄ ဦးအထိ ရှိရမည်။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့လူကြီး
ဦးဆောင်သူများသည် ကျွမ်းကျင်သော
လမ်းပြသင်ရိုးညွှန်တမ်းစာအုပ်အား အသုံးပြုပြီး
သင်ကြားရန်

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဝင်များသည် အသက်
၁၂-၁၇ နှစ်ကြားဖြစ်ရမည်။ လူငယ်ဦးဆောင်သူများသည်
သင်ရိုးညွှန်တမ်းစာအုပ်(Toolkit) ရှိ သင်ခန်းစာ
အစီအစဉ်များအတိုင်း  လိုက်နာဆောင်ရွက်ရမည်။

# ကျွမ်းကျင်သောလမ်းပြ သင်တန်းလမ်းညွှန်အတွက် သင်တန်း အချိန်ဇယား

သင်တန်းရထားသော ဝေါလ်ဗီရှင်ဝန်ထမ်းများသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့လူကြီးဦးဆောင်သူများအား သင်တန်းလမ်းညွှန်စာအုပ်အားအသုံးပြုပြီးသင်ရိုးညွှန်တမ်းစာအုပ်(Toolkit)ကိုထိရောက်စွာသင်ကြားပေးရမည်။ ဝေါလ်ဗီရှင် ဝန်ထမ်းများသည် သင်တန်းလမ်းညွှန်စာအုပ်(Manual)အား သင်ကြားရန် လူကြီးဦးဆောင်သူများအား ၂ရက်တာ သင်တန်းပေးရမည်။သို့သော်လည်း အချိန်အကန့်အသတ်ရှိသောကြောင့် အောက်ပါအတိုင်း၊ တစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲသာ ပြုလုပ်ပေးနိုင်သည်။ ဝေါလ်ဗီရှင်ဝန်ထမ်းများနှင့်ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့လူကြီးဦးဆောင်သူများသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့လူငယ်ဦးဆောင်သူများအား အောက်ပါအတိုင်း တစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲဖြင့် သင်တန်းပေးရမည်။

## လူကြီး ဦးဆောင်သူများအတွက် တစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲ ဥပမာ-

| | |
|---|---|
| 8.30–10.00 | အခန်း (၁) ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တစ်ခုအား မည်သို့ဖွဲ့စည်းမည်နည်း။ |
| 10.00–11.00 | အခန်း (၂) အန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ချက် |
| 11.00–11.15 | နားနေချိန် |
| 11.15–12.15 | အခန်း (၃) ကျွမ်းကျင်သော လမ်းပြသင်ရိုးညွှန်းတမ်းစာအုပ်၏ အင်္ဂါရပ်များ |
| 12.15–1.15 | နေ့လည်စာ စားချိန် |
| 1.15–1.45 | အခန်း (၄) ကျွမ်းကျင်သော လမ်းပြသင် ရိုးညွှန်တမ်းစာအုပ်အား စောင့်ကြည့်လေ့လာခြင်း |
| 1.45–2.15 | အခန်း (၅ ) လူငယ်များနှင့် ဆက်ဆံခြင်း |
| 2.15–3.15 | အခန်း (၆) ဦးဆောင်မှုအရည်အသွေး - လူငယ်များနှင့် လက်တွဲလုပ်ဆောင်ခြင်း |
| 3.15–3.30 | နားနေချိန် |
| 3.30–4.30 | အခန်း (၇ ) ဆွေးနွေးပွဲများအား မည်သို့ ဦးဆောင်မည်နည်း။ |
| 4.30–5.30 | အခန်း (၈ ) လိင် သို့မဟုတ် စိတ်အနှောင့်အယှက်ဖြစ်ဖွယ် အကြောင်းအရာများ မည်သို့ ကိုင်တွယ်ရမည်နည်း။ |

## စိတ်အနှောင့်အယှက်ဖြစ်ဖွယ် အကြောင်းအရာများ မည်သို့ ကိုင်တွယ်ရမည်နည်း။

| | |
|---|---|
| 8.30–10.00 | အခန်း (၁၀) ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့အား လူငယ်ဦးဆောင်သူများနှင့် မိတ်ဆက်ခြင်း |
| 10.00–11.00 | အခန်း (၁၁ ) သွေးပူလေ့ကျင့်ခန်း ကစားနည်းများကို မည်ကဲ့သို့ဦးဆောင်မည်နည်း။ |
| 11.00–11.15 | နားနေချိန် |
| 11.15–12.00 | အခန်း (၁၂)- စာဖတ်ရန် ခက်ခဲနေသော လူငယ်များကိုမည်သို့ကူညီမည်နည်း။ |
| 12.00–1.00 | နေ့လည်စာ စားချိန် |
| 1.00–2.00 | အခန်း (၁၃) အုပ်စုငယ် ဆွေးနွေး မှု ဦးဆောင်ခြင်းကို မည်ကဲ့သို့ ကူညီရမည်နည်း။ |
| 2.00–3.00 | အခန်း (၁၄) ကျွမ်းကျင်သော လမ်းပြ လူငယ်အဖွဲ့ နှင့်အဖွဲ့ဝင် များအကြားမည်ကဲ့သို့ ရင်းနှီးမှု တည်ဆောက်မည်နည်း။ |

# ကျွမ်းကျင်သော လမ်းပြသင်ရိုးညွှန်းတမ်း စာအုပ်အတွက် သင်တန်း လမ်းညွှန်

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူကြီးဦးဆောင်သူများအား ကျွမ်းကျင်သောလမ်းပြသင်တန်းလမ်းညွှန်(Manual)ကို သုံးပြုပြီး သင်တန်းပေးပြီးသောအခါ၊ ဝေါလ်ဗီရှင်ဝန်ထမ်းများသည် လူကြီးဦးဆောင်သူများအား ကျွမ်းကျင်သော လမ်းပြသင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)ကို ဦးဆောင်သင်ကြားနိုင်ရန် သင်တန်းပေးမည်။ဖြစ်နိုင်လျှင် ဝေါလ်ဗီရှင်ဝန်ထမ်းများသည် လူကြီးဦးဆောင်သူများအား ၃ ရက်ထက်ပိုသော သင်တန်းပေးသင့်သည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူငယ်ဦးဆောင်သူများသည် ဤ သင်တန်းတွင် မပါဝင်ရပေ။

## သင်တန်းအချိန်ဇယား ဥပမာ

### ပထမနေ့

#### မနက်ပိုင်း

- ဝေါဟာရ
- အခန်း ၁- ကျွန်ုပ်တို့၏ အဖွဲ့နှင့် မိတ်ဆက်ခြင်း
- အခန်း ၂- ကျွန်ုပ်တို့၏ဘဝများအကြောင်းကို စဉ်းစားခြင်း
- အခန်း ၃- လူကုန်ကူခြင်းဆိုသည်မှာ အဘယ်နည်း။ရွှေ့ပြောင်းသွားလာခြင်းဆိုသည်မှာ အဘယ်နည်း။
- အခန်း ၄- လူကုန်ကူးခြင်းသည် မည်သည့်နေရာတွင်မဆို ဖြစ်နိုင်သည်။
- အခန်း ၅- လိင်ခွဲခြားဆက်ဆံခြင်းကြောင့် အမျိုးသမီးများနှင့် မိန်းကလေးများ၏ လူကုန်ကူးခံရနိုင်သော အန္တရာယ်ရှိသည့်နေရာများ
- အခန်း ၆- လူကုန်ကူးခြင်းတွင် မူးယစ်ဆေးဝါးနှင့် အရက်၏ အကျိုးသက်ရောက်မှုများ

#### နေ့လည်ပိုင်း

- အခန်း ၇- ကလေးလုပ်သား နှင့် လုပ်အားခ ခေါင်းပုံဖြတ်ရန်အတွက် လူကုန်ကူးခြင်း
- အခန်း ၈- လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းအတွက် လူကုန်ကူးခြင်း
- အခန်း ၉- လှည့်ဖျား မခံပါနှင့်
- အခန်း ၁၀- ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂညီလာခံ သဘောတူညီမှုစာချုပ် (CRC)

### ဒုတိယနေ့

#### မနက်ပိုင်း

- အခန်း ၁၁- လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေနှင့် အခွင့်အရေးများ
- အခန်း ၁၂- အထောက်အထားများဖြင့် ရွှေ့ပြောင်းသွားလာခြင်း
- အခန်း ၁၃- ဖွင့်ဟပြောဆိုခြင်း ( စကားပြောဆို ဆက်ဆံခြင်း စွမ်းရည်)
- အခန်း ၁၄- ကောင်းမွန်စွာ နားထောင်ခြင်း ( စကားပြောဆို ဆက်ဆံခြင်း စွမ်းရည်)
- အခန်း ၁၅- စိတ်လှုပ်ရှားမှုများနှင့် အတွေးများ ( စိတ်လှုပ်ရှားမှုများကို စီမံခန့်ခွဲသည့် စွမ်းရည်)
- အခန်း ၁၆- ကျွန်ုပ်တို့၏ စိတ်ခံစားမှုများအား ထိန်းချုပ်ခြင်း (စိတ်ခံစားမှုအားထိန်းချုပ်ခြင်း စွမ်းရည်)

## နေ့လည်ပိုင်း

- အခန်း ၁၇ - လူကုန်ကူးသူလား (သို့) လူကုန်ကူးသူမဟုတ်ဘူးလား
- အခန်း ၁၈ - အင်တာနက် ဘေးကင်းလုံခြုံမှု
- အခန်း ၁၉ - ဆုံးဖြတ်ချက် ချမှတ်သည့်အရည်အသွေးများ
- အခန်း ၂၀ - ပိုမိုလေ့လာခြင်း
- အခန်း ၂၁ - မေးခွန်းများ မေးမြန်းခြင်း

## တတိယနေ့

## မနက်ပိုင်း

- အခန်း ၂၂ - လုံခြုံစိတ်ချသောရွှေ့ပြောင်းသွားလာခြင်းအတွက် စစ်ဆေးရမည့်အချက်အလက်
- အခန်း ၂၃ - ခရီးစဉ်တွင် လုံခြုံစိတ်ချစွာသွားလာခြင်း
- အခန်း ၂၄ - သင်ရောက်ရှိသောအခါ
- အခန်း ၂၅ - သင်လူကုန်ကူးခံရပါက ဘာလုပ်ရမည်နည်း။
- အခန်း ၂၆ - ပြန်လည်စဉ်းစားခြင်း၊ လုံခြုံစိတ်ချသောရွှေ့ပြောင်းသွားလာခြင်း လမ်းကြောင်း

## နေ့လည်ပိုင်း

- အခန်း ၂၇ - သင်သိသည်ကို အခြားသူများအား ဝေမျှခြင်း
- အခန်း ၂၈ - လူထု အတွင်းလှုပ်ရှားမှု - အဆင့် ၁
- အခန်း ၂၉ - လူထု အတွင်း လှုပ်ရှားမှု - အဆင့် ၂
- အခန်း ၃၀ - လူထု အတွင်းလှုပ်ရှားမှု - အဆင့် ၃
- အခန်း ၃၁ - လူထု အတွင်းလှုပ်ရှားမှု - အဆင့် ၄

# အပိုင်း ၈

# ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ အား စတင်တည်ထောင်ခြင်း



# အခန်း (၁) ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တစ်ခုအား မည်သို့ ဖွဲ့စည်းမည်နည်း။

## ရည်ရွယ်ချက်

တက်ရောက်သူများသည် ကျွမ်းကျင်သောလမ်းပြလူငယ်လူငယ် အဖွဲ့စတင်တည်ထောင်ခြင်း၏ အဆင့်များကို လေ့လာရမည်။

## အချိန်

မိနစ် ၉၀

## အထောက်အပံ့များ

တက်ရောက်သူ တစ်ယောက်ချင်းစီအတွက်သင်ရိုးညွှန်တမ်းစာအုပ်(Toolkit) မိတ္တူတစ်စုံစီ

- တက်ရောက်သူ တစ်ယောက်ချင်းစီအတွက် နေ့စဉ်မှတ်တမ်းစာအုပ် နှင့် ဘောလ်ပင်
- နေ့စဉ်မှတ်တမ်းစာအုပ်များ သိမ်းဆည်းရန် သေတ္တာ တစ်လုံး
- စာရေးရန် စာရွက်နှင့်ရေး မှတ်စရာများ

» IS 1a - ရှာဖွေမှု သိပ္ပံ၏ ဖွံ့ဖြိုးခြင်း ပိုင်ဆိုင်မှုအရည်အချင်း ၄၀
» IS 1b - စစ်ဆေးရမည့် အချက်အလက်- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့၏ အလုပ်ရုံဆွေးနွေးပွဲ
» IS 1c - စစ်ဆေးရမည့် အချက်အလက် - ကောင်းမွန်သည့် လူကြီးဦးဆောင်သူများ
» IS 1d - စစ်ဆေးရမည့် အချက်အလက်- ကောင်းမွန်လူငယ်ဦးဆောင်သူများ
» IS 1e - စစ်ဆေးရမည့် အချက်အလက်- ထိခိုက်လွယ်သော လူငယ်များ
» IS 1f - စစ်ဆေးရမည့် အချက်အလက် - ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့၏ သင်တန်းနေရာ

## တက်ရောက်သူများ

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တစ်ခုစီမှ လူကြီးဦးဆောင်သူ ၂-၃ ဦး

## ဦးဆောင်သူများ

လူကုန်ကူးမှုအဆုံးသတ်ရေးစီမံကိန်းမှ ကျွမ်းကျင်သော လမ်းပြသင်ရိုးညွှန်းတမ်း စာအုပ်(Toolkit) သင်တန်းတက်ရောက်ပြီးသော ဝေါလ်ဗီရှင်ဝန်ထမ်း။

## မိတ်ဆက်ခြင်း

ဤ လက်စွဲ (စာမျက်နှာ ၁) ၏ မိတ်ဆက်ခြင်းကို အဖွဲ့အား ကျယ်လောင်စွာ ဖတ်ပါ။

ပြီးလျှင် SNYC သည် ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့၏ အတိုကောက်ဖြစ်ကြောင်း ရှင်းပြရမည်။ (Smart Navigator Tookit) ကျွမ်းကျင်သော လမ်းပြသင်ရိုးညွှန်းတမ်းစာအုပ်သည် လူကြီးဦးဆောင်သူတိုင်းအား ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ အစည်းအဝေးများ မည်ကဲ့သို့ ပြုလုပ်ရမည်ကို ရှင်းပြထားသော စာအုပ်တစ်အုပ်ဖြစ်ပါသည်။

## လမ်းညွှန်ချက် - ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ဆိုတာဘာလဲ။

### ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ (SNYC)

(SNYC)သည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့၏ အတိုချုပ်ဖြစ်သည်။

### ဦးဆောင်သူများ

၎င်းသည် ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ လုပ်ဆောင်မှုကို ဦးဆောင်နိုင်သော လူတစ်ယောက်ဖြစ်သည်၊ ယခု ကိစ္စတွင် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ၏ လုပ်ဆောင်မှုများကိုဆိုလိုသည်။

### အခန်း

အခန်းသည် ၇၅ မိနစ်ကြာမြင့်သော အဖွဲ့အစည်းအဝေးမှ လိုက်နာရန် သင်ခန်းစာဖြစ်သည်။၎င်းတွင် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့အတွက် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သင်ရိုးညွှန်းတမ်း စာအုပ်(Toolkit) စုစုပေါင်း အခန်း ၃၁ ခန်းပါဝင်သည်။ အဖွဲ့အများစုမှာ ၂ပါတ် လျှင် တစ်ကြိမ် တွေ့ဆုံ၍ အစည်းအဝေးတိုင်းတွင် အခန်းတစ်ခု ကို ပြီးမြောက်စေရမည်။

### IS

IS သည် အချက်အလက်များ၏အတိုကောက်ဖြစ်သည်။ ၎င်းတို့မှာToolkit (သင်ရိုးညွှန်းတမ်းစာအုပ်)၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ၎င်းတို့မှာ အခန်းမှအချက်အလက်များ (သို့) အဓိကလုပ်ဆောင်ရမည့် လမ်းညွှန်မှုကဲ့သို့ အချက်များပါဝင်သော အချက်အလက်များနှင့် စာတမ်းဖြစ်သည် ။ အချို့မှာ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများမှ လှုပ်ရှားမှုများပြုလုပ်စဉ် အသုံးပြုရန် သရုပ်ပြရန်ရုပ်ပုံများပါဝင်သည်။ အချို့မှာ ဦးဆောင်သူများမှ ကျယ်လောင်စွာဖတ်ပြရန် အချက်အလက်များ ပါဝင်သည်။ များသောအားဖြင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်ပေးနိုင်သူများသည် အခန်းတွင် အသုံးပြုရန် IS ကို မိတ္တူကူးထားရမည်။

### ကျွမ်းကျင်သောလမ်းပြစာအုပ်ငယ်

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သင်ရိုးညွှန်းတမ်းစာအုပ်မှအလွန်အရေးကြီးသော အချက်များအား အတိုချုပ်ထားသော ကျွမ်းကျင်သောလမ်းပြလူငယ်စာအုပ်ငယ်များအား ကလေးငယ်များ အသုံးပြုရန်ပေးမည်။ သင်တန်းကာလတွင် လူကြီးဦးဆောင်သူများသည်စာအုပ်ငယ်များကို ကိုင်ဆောင်ထားပြီး၊ ၎င်းတို့ကို လိုအပ်ပါက တက်ရောက်လာသော လူငယ်များအား မေ့မသွားစေရန် စာအုပ်ငယ်အား ပေးနိုင်သည်။ သင်တန်း နောက်ဆုံးတွင် တက်ရောက်သူများသည် စာအုပ်ငယ်များကို မိမိတို့ကိုယ်တိုင်သိမ်းထားရမည်။

## လှုပ်ရှားမှု - အတွင်းသက်ရောက်မှုနှင့် အပြင်သက်ရောက်မှု အရည်အချင်းများ(Assets) အပေါ် ပြန်လည်လေ့လာခြင်း

တက်ရောက်သူ တစ်ယောက်စီကို နေ့စဉ်မှတ်တမ်းစာအုပ်နှင့် ဘောလ်ပင်ပေးပါ။ နေ့စဉ်မှတ်တမ်းစာအုပ်တွင် သင့်ဘဝ အကြောင်းကို ရေးသားရန် (သို့) ပုံဆွဲရန် စာအုပ်တစ်အုပ် ဖြစ်ကြောင်း ရှင်းပြပေးပါ။ ၎င်းသည် လူငယ်များ သင်တန်းပြုစဉ် တစ်လျှောက်လုံး အသုံးပြုရန်ဖြစ်သည်။ နေ့စဉ်မှတ်တမ်းစာအုပ် ကို စာရေးသူမှလွဲ၍ အခြားသူများ ဖတ်၍ မရအောင် အသုံး မပြုပါက သေတ္တာအတွင်း သော့ခတ် သိမ်းထားမည် ဖြစ်ကြောင်း ရှင်းပြပါ။

တက်ရောက်သူများအား ၎င်းတို့၏ နေ့စဉ်မှတ်တမ်းတွင် ၁၀ မိနစ် အချိန်ပေး ရေးသားရန် တောင်းဆိုပါ။ ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ လူကြီးဦးဆောင်သူများအား ၎င်းတို့၏ ကိုယ်ပိုင်ငယ်ဘဝအား ပြန်လည်စဉ်းစားရန် တောင်းဆိုပါ။ ၎င်းတို့ အား ယနေ့အခြေအနေကို မည်ကဲ့သို့ရောက်ရှိလာကြောင်း ပြန်လည်စဉ်းစားရန် တောင်းဆိုပါ။ ၎င်းတို့၏အတွင်းအရည်အချင်း များ အကြောင်း စဉ်းစားခိုင်းပါ။ အတွင်းအရည်အချင်းများမှာ တစ်ဦးချင်းစီ၏ အင်အားများဖြစ်သည်။ ဥပမာများအနေဖြင့် အပေါင်း လက္ခဏာ၊ သင်ယူရန် ကတိပေးခြင်း၊ အပေါင်း လက္ခဏာ တန်ဖိုးများ နှင့် လူမှုရေး အရည်အချင်းတို့ပါဝင်သည်။ တက်ရောက်သူများအား ထိုအရာများကို မည်ကဲ့သို့သင်ယူခဲ့သည်ကို စဉ်းစားခိုင်းပါ။

ပြီးနောက် ၎င်းတို့ကို ပြင်ပအရည်အချင်းများအကြောင်း စဉ်းစားခိုင်းပါ။ ပြင်ပ အရည်အချင်းများဆိုသည်မှာ လူတစ်ဦး တစ်ယောက်အားထောက်ပံ့ပေးသည့် ဆက်သွယ်မှု လက္ခဏာများဖြစ်သည်။ ဥပမာများတွင် မိသားစုများ၊ သူငယ်ချင်းများနှင့် ရပ်ရွာလူထုများ၊ ကျောင်းနှင့်ဘာသာရေး သို့မဟုတ် လူငယ်အဖွဲ့အစည်းများ ပါဝင်သည်။ တက်ရောက်သူများတွင် ၎င်းပြင်ပ အရည်အချင်းများထဲမှ မည်သည့်တစ်ခုမှာ ကြီးပြင်းလာချိန်တွင် ရရှိခဲ့သနည်း။ ထိုပြင်ပအုပ်စုများသည် ၎င်းတို့ကို ကူညီ(သို့) နှောင့်ယှက်နေပါသလား။ မည်ကဲ့သို့နည်း။

၎င်းတို့ပြီးဆုံးသွားပါက၊ ၎င်းတို့၏နေ့စဉ်မှတ်တမ်းကို ပိတ်ခွင့်ပြုလိုက်ပါ။ ၎င်းတို့ ဘာတွေ ရေးခဲ့သည်ကို မျှဝေရန် မတောင်း ဆိုပါနှင့်။ ရှာဖွေမှု သိပ္ပံ မှာ လူငယ်များအား ကျန်းမာစွာ ကြီးပြင်း လာစေရန် ကူညီနိုင်သော အကြောင်းအရင်းများကို နှစ်များစွာ စီမံခန့်ခွဲ လေ့လာနေသော အဖွဲ့အစည်း ဖြစ်ကြောင်း။ ၎င်းတွင် ဖွံ့ဖြိုးခြင်း အရည်အချင်းများ(၄၀) ဟူ၍ ရှိပါသည်။ အရည် အချင်းများ စာတမ်း၏ မိတ္တူများကို လက်ကမ်းမျှဝေပါ။ ရှာဖွေမှု သိပ္ပံ ဖွံ့ဖြိုးခြင်း အရည်အချင်းများသည် အတွင်း နှင့် အပြင် အရည်အချင်းများဟူ၍ ခွဲခြားထားသည်။ သင်ရိုးညွှန်တမ်းစာအုပ်(Toolkit)မှာ လူငယ်များအား အတွင်း နှင့် ပြင်ပ အရည် အချင်းများသည် ၎င်းတို့ကို လူကုန်ကူးခြင်း အန္တရာယ်မှ လျော့ချနိုင်ရန် ပုံစံထုတ်ထားသည်။ ကျွမ်းကျင်သောလမ်းပြလူငယ် အဖွဲ့စတင်တည်ထောင်ခြင်း လုပ်ငန်းစဉ်အတွက် ဆွေးနွေးခြင်းနှင့် ပါဝင်သူများအား သင်ရိုးညွှန်းတမ်း စာအုပ်(Toolkit) အကြောင်း မိတ်ဆက်ခြင်း၊ သင်ရိုးညွှန်းတမ်း စာအုပ်(Toolkit)အား မည်သည့်နည်းလမ်းများဖြင့် လူငယ်များအပေါ် အတွင်း နှင့် ပြင်ပအရည်အချင်းများ တည်ဆောက်ရမည်ကို သတ်မှတ်ကြိုးစားခြင်း စသည်တို့ကို ပြုလုပ်ရမည်။

## ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့အား မည်ကဲ့သို့ တည်ထောင်ရမည်နည်း။

အောက်ပါအချက်များသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့များ တည်ထောင်ရန်အဆင့်များကို ဖော်ပြထားကြောင်း ရှင်း ပြပါ။ အဆင့်တစ်ခုစီအား အောက်တွင် အသေးစိတ်ရှင်းပြထားပါသည်။

- လူကြီးကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်နိုင်သူများအား ခန့်ထားပါ။ (ဂေါလ်ဗီရှင်ဝန်ထမ်း၏တာဝန် ဖြစ်သည်)

၅. အတွင်းနှင့်ပြင်ပအင်အားများအတွက် အခြေခံကို ရှာဖွေမှုသိပ္ပံမှ ဦးဆောင်သုတေသနပြုရန် ရေးဆွဲသည်။ 'ဖွံ့ဖြိုးခြင်း အရည်အချင်း ၄၀' တွင်ကြည့်ပါ၊ http://www.search-institute.org တွင်ကြည့်ရှုနိုင်သည်။

- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူကြီးဦးဆောင်သူများသည် အကယ်၍ လူငယ်တစ်ယောက်သည် ရုပ်ပိုင်း သို့မဟုတ် လိင်ပိုင်းအရ အနိုင်ကျင့်ခံရသည်ဟု တင်ပြလာခဲ့လျှင် မည်ကဲ့သို့ဆက်လက်လုပ်ဆောင်ရမည် ဆိုသည့် အစီအစဉ်ကို တည်ဆောက်ရမည်။ (ဝေါလ်ဗီရှင်ဝန်ထမ်း၏ တာဝန်ဖြစ်သည်)
- စစ်ဆေးရမည့်အချက်အလက်မှသတ်မှတ်ချက်များအတိုင်းကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူငယ်ဦးဆောင်သူများအား စုဆောင်းပါ (ဝေါလ်ဗီရှင်ဝန်ထမ်းနှင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူကြီးဦးဆောင်သူ တာဝန်ဖြစ်သည်)။
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့မှ လူငယ်ဦးဆောင်သူများကို လေ့ကျင့်ပေးပါ။ (ဝေါလ်ဗီရှင်ဝန်ထမ်း နှင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူကြီးဦးဆောင်သူများ၏တာဝန်ဖြစ်သည်)။
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့မှ လူငယ်များကို စစ်ဆေးရမည့်အချက်အလက်မှ သတ်မှတ်ချက်အတိုင်း စုဆောင်းပါ။ (ဝေါလ်ဗီရှင်ဝန်ထမ်းနှင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူကြီး ဦးဆောင်သူများ၏တာဝန် ဖြစ်သည်)။
- အလုပ်ရုံဆွေးနွေးပွဲကို ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဝင်များ၏ မိဘများ/ အုပ်ထိန်းသူများ၊ လူငယ်နှင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူနှင့်အတူ ကြီးကြပ်လုပ်ဆောင်ပါ (ဝေါလ်ဗီရှင်ဝန်ထမ်း နှင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူကြီးဦးဆောင်နိုင်သူ တာဝန်ဖြစ်သည်)။
- အလုပ်ရုံဆွေးနွေးပွဲတွင်
  - » သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit) ခေါင်းစဉ်များအား အတည်ပြုပါ။
  - » ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လုပ်ငန်းစဉ်အပေါ် ဆုံးဖြတ်ပါ။
  - » ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ သင်တန်းပြုလုပ်မည့်နေရာ သတ်မှတ်ပါ။
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ပါဝင်သူလူငယ်များအားလုံးကို အန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်မှုကို ကြီးကြပ်လုပ်ဆောင်ပါ၊ ဤလက်စွဲစာအုပ် အခန်း ၂ တွင် ရှင်းပြထားပါသည် (ဝေါလ်ဗီရှင်ဝန်ထမ်း နှင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူကြီးဦးဆောင်သူများ၏ တာဝန်ဖြစ်သည်)။
- ပထမဆုံးအခန်း မတိုင်မီ ပါဝင်သူလူငယ်အားလုံးအား အကြိုစစ်ဆေးခြင်းကို ပြုလုပ်ပါ။

## ရပ်ရွာလူထုနှင့် ဆက်ဆံရေး

ဝေါလ်ဗီရှင်မှ ရပ်ရွာလူထုအတွင်း ခိုင်မာသောဆက်ဆံရေး ရှိနှင့်နေသောကြောင့် ဤရပ်ရွာလူထုတွင်းကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ စတင်ရန် ဆုံးဖြတ်လိုက်ကြောင်း ရှင်းပြပါ။

## ပါဝင်သူများနှင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများ စုဆောင်းခြင်း

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တစ်ခုစီတွင် လူကြီး ဦးဆောင်သူ နှစ်ဦးရှိရမည်ဖြစ်ကြောင်း ရှင်းပြပါ။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့၏ ဦးဆောင်သူများတွင် စိန်ခေါ်မှုများနှင့် ချိုးမြှင့်ခံရခြင်းများရှိမည်။ ၎င်းသည် လူငယ်များနှင့် အလုပ်လုပ်ခြင်းတွင် ကာလရှည် ကတိပေးပြီး လုပ်ဆောင်နိုင်ရန် လိုအပ်သည်။

## ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူကြီးဦးဆောင်သူများ

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ပြီးပြည့်စုံသောလူကြီးဦးဆောင်သူအား ဖော်ပြနိုင်သည့် ပုံသေနည်းမရှိသေးကြောင်း ရှင်းပြပါ၊ လိုအပ်သော အရည်အချင်းများမှာ အောက်ပါအချက်များဖြစ်သည်-

- လူငယ်များနှင့် အဆင်ပြေပြီး လူငယ်များမှ ကြိုက်နှစ်သောသူဖြစ်ရမည်။ လူငယ်များနှင့် ကောင်းမွန်သော ဆက်ဆံရေး ရှိသူ ဖြစ်ရမည်။
- လူငယ်များနှင့် အလုပ်လုပ်ကိုင်ရာတွင် အတွေ့အကြုံရှိသူ (သို့) သင်တန်းပေးဖူးသူ ဖြစ်ရမည်။
- အမျိုးမျိုးသောအဖွဲ့ဝင်များနှင့် အလုပ်လုပ်နိုင်ပြီး အဖွဲ့ဝင်များ၏ပါတ်ဝန်းကျင်မှ ကြိုက်နှစ်သက်ပြီး လေးစားသူ ဖြစ်ရမည်။
- လူငယ်များမှ အားကျ အတုယူ နိုင်သူဖြစ်ရမည်။
- အုပ်စုအား အားပေးပြီး အခြားသူများအား ဆက်တိုက် သင်တန်းတက်ရောက်ရန် တွန်းအားပေးနိုင်သူ ဖြစ်ရမည်။

- သင်ခန်းစာ အတွက် ပြင်ဆင်ရာတွင် လုံလုံလောက်လောက် တာဝန်ယူနိုင်သူ ဖြစ်ရမည်။
- ဝေါလ်ဗီရှင်၏ ကလေးသူငယ်ကာကွယ်ရေးမူဝါဒအပေါ် လိုက်နာနိုင်သူ ဖြစ်ရမည်။
- အခြားသူများအပေါ် မဝေဖန်တတ်သည့် မေတ္တာတရားကြီးမားသူ ဖြစ်ရမည်။

အလားအလာရှိသော ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူကြီးဦးဆောင်သူအား သင်သတ်မှတ်ပြီးပါက နောက်ကြောင်း စစ်ဆေးခြင်းကို ကြီးကြပ်လုပ်ဆောင်ပါ။ ထိုလူအား အနည်းဆုံး တစ်နှစ်ခန့် သိရှိခဲ့သော ပတ်ဝန်းကျင်မှ အဖွဲ့ဝင် နှင့် ထိုသူ သို့မဟုတ် သူမသည် ကလေးငယ်အား ရိုက်ခြင်း သို့မဟုတ် အန္တရာယ်ဖြစ်စေခြင်းနှင့် ကလေးငယ်များနှင့် လိင်ပိုင်းရာ အဆက် အသွယ် တစ်ခုမျှ မရှိကြောင်း သေချာစေရန် ပြုလုပ်ပါ။ ထိုသူမှာ ပြစ်မှုမှတ်တမ်း မရှိသူ သို့မဟုတ် အရက် သို့မဟုတ် မူးယစ် ဆေးဝါးသုံးစွဲသူ မဖြစ်ရပါ။

ကမ္ဘောဒီးယား ဝေါလ်ဗီရှင်သည် လူငယ်များနှင့် ဆက်သွယ်ရန် ငယ်ရွယ်သလို အတွေ့အကြုံ အသင့်အတင့်ရှိသော အသက် အရွယ်ရှိသည့် အသက် ၃၀-၄၀ ရှိ ဦးဆောင်သူနှင့် အလုပ်လုပ်ရာတွင် အောင်မြင်မှုများရရှိခဲ့သည်။ သို့သော် ပိုကြီး သို့မဟုတ် ပိုငယ်သောသူများ လည်း ပိုမိုကောင်းမွန်သော ဦးဆောင်သူ ဖြစ်နိုင်ပါသည်။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူကြီးဦးဆောင်သူသည် သင်ရိုးညွှန်းတမ်း စာအုပ်(Toolkit)အား အသုံးပြုပြီး အခန်းများ ကို ဦးဆောင်ရမည်။

## ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူငယ် ဦးဆောင်သူများ

လူငယ်ဦးဆောင်သူများမှာ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လည်ပတ်ရန်၊ ပြည်တွင်းလူငယ်များနှင့် ဆက်သွယ်ရေးများ တည်ဆောက်ရန်၊ လူကြီးဦးဆောင်သူများအား ကူညီရန် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့၏ အစိတ်အပိုင်း တစ်ခုအနေဖြင့် လေ့ကျင့်ပေးရမည်ဖြစ်ကြောင်း ရှင်းပြပါ။ လူငယ် ဦးဆောင်နိုင်သူများသည် အသက် ၁၅နှစ်ကျော်သူများ ဖြစ်ရန်လိုအပ်သည်။ ဝေါလ်ဗီရှင်သည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ တစ်ခုစီတွင် လူငယ်ဦးဆောင်သူ၄ ဦး အထိ ရွေးချယ်ရန် အဆိုပြုပါသည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူငယ်ဦးဆောင်သူများအား ရွေးချယ်ရာတွင် အရေးကြီးသောအချက်မှာ ၎င်းတို့၏ အရည် အချင်းထက် ကိုယ်ရေးကိုယ်တာအချက်အလက် ဖြစ်သည်။ ဥပမာအားဖြင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ သည် ကျောင်း တွင် အမှတ်ကောင်းကောင်းရပြီး သူငယ်ချင်းမရှိသောသူ သို့မဟုတ် သူများအပေါ် ဆရာလုပ်တတ်သော လူငယ်ကို မရွေးချယ် သင့်ပါ။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ သည် လူငယ်များလာရောက်ချင်သော ပျော်ရွှင်စရာနေရာတစ်ခုဖြစ်သင့်သည်။ အကယ်၍ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူငယ်ဦးဆောင်သူသည် လူငယ်များ အလွန်ကြိုက်သူဖြစ်ပါက ၎င်းသည် အဖွဲ့ အား ပိုမို ရေပန်းစားစေရန် ကူညီပေးလိမ့်မည်။ ဤအချက်များမှာ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူငယ်ဦးဆောင်သူ တစ်ယောက်၏ သွင်ပြင်လက္ခဏာ နှင့် ကျွမ်းကျင်မှုများဖြစ်သည် -

- အရည်အချင်းတူသူများမှ လေးစားရသော လူငယ်ဖြစ်ရမည်။
- အခြားသူများမှလေးစားပြီး ကောင်းမွန်သော အတုယူ စံနမူနာထားရသည့်လူငယ် ဖြစ်ရမည်။
- ကြင်နာတတ်ပြီး အခြားသူများကို အနိုင်မကျင့်သူ (သို့) မလှောင်ပြောင်တတ်သောလူငယ် ဖြစ်ရမည်။
- စေတနာ့ဝန်ထမ်း လုပ်ခဲ့ဖူးသောလူငယ် ဖြစ်ရမည်။
- အခန်းအားလုံးတက်ရန် လုံလောက်သော အချိန်ရှိသည့်လူငယ် ဖြစ်ရမည်။ အိမ်မှ သူနှင့် သူမ မိသားစုအား ထောက်ပံ့ရန် အလုပ်ပိုမိုလုပ်နေရသော လူငယ်အား လူငယ်ဦးဆောင်သူအဖြစ် မရွေးချယ်သင့်ပါ။
- စာဖတ်နိုင်သော လူငယ်ဖြစ်ရမည်။

အကောင်းဆုံးအနေဖြင့် သင်မျှော်လင့်ထားသည့် လူသစ်စုဆောင်းရန် ပါဝင်သောလူငယ် အမျိုးအစားနှင့် ချိတ်ဆက်မှုရှိသည့် လူငယ်ဖြစ်ရမည်။ ဥပမာအားဖြင့် အကယ်၍ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ သည် သီးခြားလူနည်းစု လူမျိုးစုအား တက် ရောက်ရန် ဆန္ဒရှိပါက ၎င်းအသိုင်းအဝိုင်းမှ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူငယ်ဦးဆောင်သူက လူသစ်စုဆောင်းခြင်း ဖြင့် ကူညီနိုင်လိမ့်မည်။

အကယ်၍ သင်သည် ဤသွင်ပြင်လက္ခဏာ၊ ကျွမ်းကျင်မှုများ နှင့်လူငယ်ကို ရှာမတွေ့ပါက သင့်၏ရပ်ရွာအတွင်းမည်သည်က အရေးအကြီးဆုံးဆိုသည်နှင့် သင့်တော်သောသူမှာ ဦးဆောင်မှု တလျောက် အဆင်ပြေစွာ သင်ယူနိုင်သလားဆိုသည်ကို စဉ်းစားရမည်။

## ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူငယ်ဦးဆောင်သူများ၏ အခန်းကဏ္ဍက ဘာလဲ။

ဝေါလ်ဗီရှင်ဝန်ထမ်းနှင့် လူကြီးဦးဆောင်သူများမှ ဦးဆောင်ပြီး ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ မစတင်မီ ကျွမ်းကျင်သောလမ်းပြလူငယ်သင်တန်းလမ်းညွှန်စာအုပ်မှ သင်ကြားပေးမည့် တစ်ရက်တာ သင်တန်းကို တက်ရောက်ရမည်ဖြစ်ကြောင်း ရှင်းပြပါ။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူငယ်ဦးဆောင်သူသည်-

- မည့်သည့်အချိန်တွင်မဆို ဆွေးနွေးမှုများကို အဖွဲ့ခွဲပြီးဆွေးနွေးချိန်တွင် ဆွေးနွေးမှုများကို ဦးဆောင်နိုင်ရန် ကူညီရမည်။
- စာဖတ်ရန်နှင့် စာရေးရန် အခက်အခဲရှိသောလူငယ်များ နှင့်တွဲနိုင်ရမည်၊ သို့မှသာ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူငယ် ဦးဆောင်သူသည် ၎င်းတို့၏ အတွေးများကို ချရေးနိုင်မည်။
- အခန်းစတင်ချိန် သွေးပူလေ့ကျင့်ခန်းများကို ဦးဆောင်နိုင်ရမည်။
- အခန်း လွတ်သွားသော လူငယ်များဆီသို့ အလည်သွားရောက်ပြီး ဘာကြောင့် မလာခဲ့သည် ကို သွားရောက်ကြည့်ရှု ရမည်။
- အခြားလူငယ်များအား အခန်း ပုံမှန်တက်ရောက်ရန် ဆွဲဆောင်နိုင်ရမည်။
- လူကြီးဦးဆောင်သူများနှင့် အမြဲတမ်းတွဲဖက်ပြီး ဦးဆောင်ရမည်။ ဘယ်တော့မှ တစ်ယောက်တည်း မသင်ကြားရပါ။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူငယ်ဦးဆောင်သူများသည် "ကြယ်များ" အား၊ အခြားပါဝင်သူများကဲ့သို့ ရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းပြပါ (ကြယ်စနစ်မှာ အခန်း ၃ တွင် မိတ်ဆက်ထားပါသည်)။ အကယ်၍ လူငယ်ဦးဆောင်သူသည် အလုပ်ကောင်းမွန်စွာ ပြီးဆုံးပြီး အခန်းအကုန်နီးပါးကို တက်ရောက်မည်ဆိုပါက သူတို့ကို နောက်တစ်ကြိမ်အတွက် ဦးဆောင်သူများ အရည်အချင်းပြည့်မီသော သင်တန်းအပြည့်အဝ တက်ရောက်သူအဖြစ်သတ်မှတ်သည်။ အသက်ကြီးသော လူငယ်ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်နိုင်သူသည် လူကြီး ဦးဆောင်နိုင်သူများမှ ကျင်းပခဲ့သော အခန်းအတွက်ပင် ရွေးချယ်နိုင်သည်။

## ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ပါဝင်သူများ

ဝေါလ်ဗီရှင်သည် ထိခိုက်လွယ်သော ကလေးသူငယ်များနှင့် လူငယ်များအား အာရုံစိုက်သော ကလေးသူငယ် ဗဟိုပြုသည့် အဖွဲ့အစည်း ဖြစ်ကြောင်းရှင်းပြပါ။ ထိုလူငယ်များသည် လူကုန်ကူးမှု (သို့) လုံခြုံမှုမရှိသော ရွှေ့ပြောင်းသွားလာခြင်းတွင် အန္တရာယ် အလွန်ကြီးသောသူများ ဖြစ်ကြသည်။ ထိုအကြောင်းအရာတို့ကြောင့် ဝေါလ်ဗီရှင် ဝန်ထမ်းများသည် ထိခိုက်လွယ်သော လူငယ်များကို ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သို့ တက်ရောက်ရန် လူသစ်စုဆောင်းသင့်သည်။ ဝန်ထမ်းသည် လူသစ်စုဆောင်းမှု ပြုလုပ်ရန် အားထုတ်သင့်သည်။

- ကျောင်းမတက်နိုင်သော သို့မဟုတ် ကျောင်းတစ်ဝက်တစ်ပျက်တက်ရသော လူငယ်များ။
- ကိုယ်ကာယ ချို့တဲ့သော လူငယ်များ။
- တိုင်းရင်းသားလူနည်းစု အုပ်စုမှ လူငယ်များ။
- ယောကျ်ားလေးနှင့် မိန်းကလေးများ အရေအတွက်တူခြင်း။
- ထိခိုက်လွယ်သည်ဟု သတ်မှတ်ထားသော လူငယ်များ။
- အသက် ၂၁ အောက် ရွှေ့ပြောင်းသွားလာသူ သို့မဟုတ် အလုပ်စတင်လုပ်ကိုင်နေသော မောင်နှမရှိသူ လူငယ်များ
- အိမ်ရာမဲ့ လူငယ်များ။
- ဘာသာခြားများ သို့မဟုတ် ဘာသာမဲ့ လူငယ်များ။

မသန်စွမ်း လူငယ်များ ပါဝင်လာရန် သင်တတ်နိုင်သမျှလုပ်ဆောင်ပါ အဘယ့်ကြောင့်ဆိုသော် ထိုသူများမှာ ထိခိုက်မှု အများဆုံးသူများ ဖြစ်သည်။ ၎င်းတို့ကို မည်ကဲ့သို့ပါဝင်လာရန်နှင့် အုပ်စုအား လိုက်ဖက်ညီစွာ လည်ပတ်နိုင်မည့်နည်းလမ်းကို ရရှိရန်အတွက် အတွေ့အကြုံကို ရယူပါ။

တစ်ချိန်တည်းတွင် ဝေါလ်ဗီရှင်သည် အချို့သောပတ်ဝန်းကျင်တွင် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့များသည်ခက်ခဲစွာလည်ပတ်နေကြောင်း အသိအမှတ်ပြုပါ။ အကယ်၍ အစိုးရသည် ဘဝတွက်တာ သိမှတ်စရာအစီအစဉ်ကို လက်ရှိကျောင်းတက်ရောက်နေသူများအား ကျောင်းတွင်းတွင် သင်ကြားပေးရန် တောင်းဆိုပါက ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သည် ဤကန့်သတ်ချက်များအတွင်း ရအောင်လုပ်နိုင်ရမည်။ သို့သော် မည်သည့် အချိန်တွင်မဆို ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သည် အထက်ဖော်ပြပါ အုပ်စုစာရင်းမှ လူငယ်ကို ကြိုးစားပြီး လူသစ်ရှာဖွေနေရမည်။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင်ပါဝင်သူများသည် စေတနာ့ဝန်ထမ်းများဖြစ်ရမည်။ ထို့အပြင် ဝေါလ်ဗီရှင်ဝန်ထမ်းသည် ၎င်းတို့၏ မိဘများမှ တွန်းအားပေးပြီး တက်ခိုင်းခြင်း မဟုတ်ကြောင်း သေချာစေရန် ပြုလုပ်ရမည်။

## တုန့်ပြန်မှုအစီအစဉ် ချမှတ်ခြင်း

အချို့သော နိုင်ငံရုံးများတွင် မတော်တဆ အနိုင်ကျင့်ခံရမှု၏တုန့်ပြန်ရန် အသေးစိတ် အစီအစဉ်ပါဝင်သော အဆင့် ၁ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မတော်တဆမှုများအတွက် ကြိုတင် ပြင်ဆင်ခြင်း အစီအစဉ် (L1 CPIPP)ရှိနှင့်ပြီး ဖြစ်သည်။ ရုံးမှ ကလေးသူငယ်ကာကွယ်မှုဆိုင်ရာအရာရှိ အား L1 CPIPP ရှိနေသလား ဆိုသည်ကို မေးမြန်းပါ။ သို့မဟုတ်ပါက နိုင်ငံတွင်း ဝေါလ်ဗီရှင်ဝန်ထမ်းသည် အကယ်၍ကလေးသူငယ် သူ (သို့) သူမမှာ ခန္ဓာကိုယ် (သို့) လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရကြောင်း တင်ပြလာပါက ဝေါလ်ဗီရှင်ဝန်ထမ်း အဖွဲ့ဝင်သည် မည်ကဲ့သို့ တုန့်ပြန်ရမည့် ဆိုသည့်အစီအစဉ်ကို တပါတည်း ထားရှိရမည်။

ဤတုန့်ပြန်မှု အစီအစဉ်တွင် အောက်ပါတို့ ပါဝင်သင့်သည်-

- အကယ်၍ ကလေးသူငယ်သည် လွဲမှားစွာပြုကျင့်ခံရကြောင်း တင်ပြလာခဲ့ပါက ဝေါလ်ဗီရှင်ဝန်ထမ်း (သို့) လုပ်ဖော်ကိုင်ဖက် လူမှုရေးအဖွဲ့အစည်း (NGOs)များမှ တာဝန်ယူရမည့် အခန်းကဏ္ဍအသီးသီး အသေးစိတ်ပါဝင်ရမည်။
- ဝေါလ်ဗီရှင်မှ ကလေးသူငယ်အား တုန့်ပြန်မှုအစီအစဉ်အကြောင်း မည်ကဲ့သို့ ရှင်းပြမည်ကို ဖေါ်ပြထားရမည်။
- လွဲမှားစွာ ပြုကျင့်ခံရသည်ဟုတင်ပြသော ကလေးသူငယ်အား ကာကွယ်ရန် လှုပ်ရှားမှု ပြုလုပ်နိုင်သော သင့်တော်သည့် ဝေါလ်ဗီရှင်ဝန်ထမ်း (သို့) လုပ်ဖော်ကိုင်ဖက် လူမှုရေးအဖွဲ့အစည်းများ(NGOs) ၏ ဖုန်းနံပါတ် ပါဝင်ရမည်။
- လွဲမှားစွာ ပြုကျင့်ခံရသည်ဟုတင်ပြလာသော ကလေးငယ်အား အနိုင်ကျင့်သူမှ ထပ်မံ မထိခိုက်ခြင်းမှ တားစီးရန်အလို့ငှာ ချက်ချင်း ကာကွယ်ပေးခြင်းကို ဆိုလိုသည်။
- ဒေသတွင်း နစ်သိမ့်ဆွေးနွေးအကြံပေးခြင်း ဝန်ဆောင်မှုနှင့် ချိတ်ဆက်ပါ။

ဝေါလ်ဗီရှင်ဝန်ထမ်းမှ တုန့်ပြန်မှု အစီအစဉ်အကြမ်းမှာ သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)တွင်နောက်ဆက်တွဲ (ခ)အဖြစ် ထည့်သွင်းထားသင့်သည်။

ရှေ့ဆက်၍, 'IS 1c -စစ်ဆေးရမည့်အချက်အလက် - ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့လူကြီးဦးဆောင်သူများ'; 'IS 1d စစ်ဆေးရမည့်အချက်အလက် - ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့လူငယ်ဦးဆောင်သူများ' နှင့် 'IS 1e စစ်ဆေးရမည့် အချက်အလက် - ထိခိုက်လွယ်သော လူငယ်များ' (၎င်းတို့မှာ ဤအခန်းနောက်ဆုံးတွင် ပါဝင်သည်) စာရွက်မိတ္တူများ လက်ကမ်းမျှဝေပါ။

သေချာသည်မှာ ပါဝင်သူများသည် ၎င်းတို့မှာ ဦးဆောင်သူများ (သို့) လူငယ်များတွင် အရည်အချင်းအားလုံး ပြည့်စုံသောသူများ မရှာနိုင်ကြောင်း နားလည်သင့်ပါသည်။ စစ်ဆေးရမည့် အချက်အလက်ကို သေချာစွာ ဖတ်ရန် တောင်းဆိုပါ။ မေးပါ-

- ၎င်းတို့ကို သင်အသုံးပြုနိုင်သလား။
- ၎င်းတို့ကို အသုံးပြုရာတွင် အတားအဆီးများမှာ မည်သည့်အရာများ ဖြစ်သနည်း၊ ထို အတားအဆီးများကို မည်ကဲ့သို့ ကျော်ဖြတ်နိုင်မည်နည်း။

## လုပ်ဆောင်ချက် - ထိခိုက်လွယ်သော လူငယ်များအား ခန့်ထားခြင်း

ပါဝင်သူများကို ၆-၈ ယောက်ပါဝင်သော အဖွဲ့များအဖြစ် ခွဲပါ။ ၎င်းတို့ကိုစာရွက်နှင့် မှတ်သားစရာများ ပေးပါ။ ၎င်းတို့ နေထိုင်သည့်လူ့အဖွဲ့အစည်းမှ အသက် ၁၂-၁၇ နှစ်ရှိ ထိခိုက်လွယ်သောလူငယ်များစာရင်းကို တောင်းဆိုပါ။
လူငယ်အား ထိခိုက်လွယ်သည်ဟု စဉ်းစားနိုင်ရန် အောက်ပါတို့ကို မေးပါ။

- အလုပ်
- လိင်ပိုင်းဆိုင်ရာ လုပ်ဆောင်မှုများ
- ဖျားနာမှုများ
- ပညာသင်ကြားနိုင်မှု
- ရွှေ့ပြောင်းသွားလာလိုခြင်း
- လိင်အမျိုးအစား
- ဆင်းရဲခြင်း
- ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း
- မိသားစု အခြေအနေ။

ပြီးနောက် ၎င်းတို့ကို အောက်ပါစာရင်းမှ မေးပါ။

- လူငယ်များအား မည်သည့်နေရာများတွင် တွေ့ဆုံလေ့ရှိကြောင်း
- ထိုလူငယ်များနှင့် အခြားလူမှုရေးအဖွဲ့အစည်းများ NGO (သို့) အုပ်စုများနှင့် အလုပ်လုပ်ခြင်း
- လူငယ်၏နေ့စဉ် အချိန်ဇယားများ။

ပါဝင်သူများအားလုံးအား စက်ဝိုင်းပုံအနေအထား ခေါ်ယူပြီး မေးပါ။

- သင်သည် ဤလူငယ်များကိုအဖွဲ့သို့ ခေါ်ဆောင်နိုင် ပါသလား။
- ၎င်းတို့ဘဝတွင် အဖွဲ့သို့တက်ရောက်ခြင်းကို ရပ်တန့်သွားနိုင်သည့် အချက်များ ရှိနေပါသလား။
- ရှိနေပါက ၎င်းတို့မှာ မည်သည့်အရာများဖြစ်ကြောင်း သင်ပြောပြနိုင်ပါသလား။
- လူထုတွင် ဤအရာများကို ပြောပြရန် မည်သူကကူညီနိုင်မည်နည်း။
- လူထုထံမှ မည်သည့် ထောက်ပံ့မှုမျိုးကို သင်မျော်လင့်ထားသနည်း။

အဖွဲ့ဝင်များပေးသော အဖြေများအား စာရင်းလုပ်ထားပါ။ ပြီးဆုံးသွားပါက ပါဝင်သူများကို ၎င်းတို့ထဲမှ အကူအညီဖြစ်လောက်သော အရာများရှိပါက ပြောပြပါ၊ ၎င်းတို့ကို သူတို့၏ ကျွမ်းကျင်သော လမ်းပြသင်တန်းလက်စွဲစာအုပ်( Toolkit) နောက်ဆုံးအခန်းမှ မှတ်စုထဲတွင် ရေးမှတ်ထားသင့်သည်။

## ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ အလုပ်ရုံဆွေးနွေးပွဲ

ပါဝင်သူများနှင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများ စုဆောင်းပြီးပါက ဝေါလ်ဗီရှင်ဝန်ထမ်းသည် အလုပ်ရုံဆွေးနွေးပွဲကို မိဘများနှင့် အုပ်ထိန်းသူများ၊ လူငယ်ပါဝင်သူများ၊ လူကြီးနှင့် လူငယ် ဦးဆောင်သူများ၊ အဖွဲ့အားကူညီနိုင်မည့် လူထုမှ အဓိကအဖွဲ့ဝင်များ တက်ရောက်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း ရှင်းပြပါ။ အလုပ်ရုံဆွေးနွေးပွဲတွင် လူများသည် အဖွဲ့စတင် တည်ထောင်ရန်နှင့် သင်ရိုးညွှန်းတမ်း စာအုပ်(Toolkit)ကိုမိတ်ဆက်ရန် ဆွေးနွေးပါလိမ့်မည်။

'IS 1b - စစ်ဆေးရမည့်အချက်အလက် - ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ အလုပ်ရုံဆွေးနွေးပွဲ'နှင့် 'IS 1f -စစ်ဆေးရမည့် အချက်အလက် - ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ နေရာ' ၏မိတ္တူများကို လက်ဆင့်ကမ်းမျှဝေပါ။ စစ်ဆေးရမည့် အချက်အလက်များကို သေချာစွာဖတ်ရန် ပါဝင်သူများကို တောင်းဆိုပါ။

အလုပ်ရုံဆွေးနွေးပွဲတွင် ဝေါလ်ဗီရှင်ဝန်ထမ်း၊ မိဘများနှင့် လူငယ်များ အောက်ပါတို့ကို အတူတကွ လုပ်ဆောင်ရမည်ဖြစ်ကြောင်း ရှင်းပြပါ။

- သင်ရိုးညွှန်းတမ်းစအုပ်(Toolkit)၏မာတိကာများကို ဆွေးနွေးပြီး ၎င်းတို့မှ အကြောင်းအရာများသည် ဤအသက်အရွယ်အတွက် သင်ကြားရန် မသင့်တော် (သို့) အသက်ပိုကြီးသော လူငယ်များကိုသာ သင်ကြားသင့်သည့်အကြောင်းအရာများ ရှိသလား ဆုံးဖြတ်ပါ။
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ အချိန်ဇယားကို ဆုံးဖြတ်ပါ။ အခန်းတစ်ခုစီသည် ၇၅ မိနစ် ကြာမြင့်မည်၊ သို့သော် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် အချိန်အနည်းငယ် ပိုပေးရမည်၊ သို့မှသာ ၎င်းတို့သည် ပါဝင်သူများမှ အခန်း ပြီးဆုံးပြီးနောက် မိမိကိုယ်ကို စောင့်ကြည့်လေ့လာခြင်း ပုံစံများနှင့် မေးခွန်းအဖြေပုံစံများကို အပြီးသတ်နိုင်မည်။ အခန်းများသည် တစ်ပါတ်လျှင် တစ်ကြိမ်၊ တစ်လလျှင်နှစ်ကြိမ်၊ (သို့) တစ်ရက်အလုပ်ရုံဆွေးနွေးပွဲများ စသည်ဖြင့် ပြုလုပ်သင့်သည်။ သို့သော်လည်း တစ်လ နှစ်ကြိမ်မှာ အသင့်တော်ဆုံးဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် အဓိကတာဝန်ရှိသူများ (stakeholder) များသည် ပါဝင်သူများ၏ဘဝများနှင့် သင့်လျှော်သော အချိန်ဇယားကို ရွေးချယ်သင့်သည်။
- ရပ်ရွာအတွင်းမှရှိနှင့်သောအဖွဲ့များနှင့် ဖြစ်နိုင်သော ဆက်သွယ်မှုများကို ဆွေးနွေးပါ။ ဥပမာအားဖြင့် အကယ်၍ အခြားလူငယ်အဖွဲ့များရှိနေပါက ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သည် ၎င်းတို့နှင့် ချိတ်ဆက်တည်ထောင်ရန် ဆန္ဒရှိသည်။ သို့မဟုတ် အကယ်၍ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် ပါဝင်သူများသည် လိင်ဆက်ဆံခြင်းအကြောင်း တစ်ခုမျှ နားမလည်ပဲ၊ 'လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းဖြင့် လူကုန်ကူးခံရခြင်း' အခန်းကို နားလည်အောင် ရှင်းပြရန် လိုအပ်ပါသည်။ ၎င်းတို့သည် သားဆက်ခြားခြင်း လုပ်ကိုင်နေသည့် အစိုးရမဟုတ်သော အဖွဲ့အစည်း(NGO) နှင့် ပူးပေါင်းရန် လိုအပ်ပါက အခန်းကို ဦးဆောင်ပေးရန် တောင်းဆိုပါ။
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ပြုလုပ်ရန်နေရာကို သတ်မှတ်ပါ၊ 'IS 1f - စစ်ဆေးရမည့် အချက်အလက် -ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့နေရာ' အသုံးပြုပါ။
- ဤသင်တန်းလမ်းညွှန် အခန်း ၂ပါ အန္တရာယ်ဖြစ်နိုင်ချေအကဲဖြတ်မှုကို ၎င်းတို့ကလေးငယ်များ ပါဝင်ရန် မိဘများထံမှ သဘောတူညီမှုရယူ သင့်ကြောင်း ရှင်းပြပါ။
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် ပါဝင်ရန် ခွင့်ပြုကြောင်းကို မိဘနှင့် လူငယ်များ သဘောတူညီမှုပုံစံများတွင် လက်မှတ်ထိုးသင့်သည်။သင်ရိုးညွှန်တမ်းစာအုပ်(Toolkit) စာမျက်နှာ (၄)တွင်တွေ့နိုင်သည်။

## အကြိုစစ်ဆေးခြင်း ကြီးကြပ်လုပ်ဆောင်ခြင်း

လူငယ်အဖွဲ့အတွက် ပြုလုပ်ရန်နေရာ သတ်မှတ်ခြင်း၊ လူသစ်စုဆောင်းခြင်း ပြီးလျှင်အကြိုစစ်ဆေးခြင်း ကိုပြုလုပ်ရမည်။ သို့သော် ပထမဆုံး အခန်းမစတင်မီ ပြုလုပ်ရမည်ဖြစ်ကြောင်း ရှင်းပြပါ။ အကြိုစစ်ဆေးခြင်း၏ရည်ရွယ်ချက်မှာ လူငယ်များ၏ အသိပညာနှင့် အပြုအမူများ သင်တန်းတက်ရောက်ခြင်းကြောင့် ပြောင်းလဲသော ရလဒ်ကို တိုင်းတာရန်ဖြစ်သည်။ ထို့အတွက်ကြောင့် စစ်ဆေးခြင်းကို ပထမဆုံး အခန်းမတိုင်မီ ကြီးကြပ်လုပ်ဆောင်ရမည်။

ကျွန်ုပ်တို့ အဖွဲ့အတွင်းမှလူငယ်များသည် ဤအကြောင်းအရာများကို သင်တန်းမစတင်မီ တော်တော်များများ မသိရှိသေးဟု မျှော်လင့်သည်။ ကျွန်ုပ်တို့၏ အမေးအဖြေများကို လူငယ်များ မသိသည့် အတွက် စိတ်ပျက်ခြင်း (သို့) ရှက်စရာဟု ထင်မြင်သွားမည်ကို မလိုလားပါ။ ထို့အတွက်ကြောင့် ဦးဆောင်သူများသည် လူငယ်များအား စစ်ဆေးခြင်း၏ရည်ရွယ်ချက်ကို ရှင်းပြရန်မှာ အလွန်အရေးကြီးပါသည်။ ထို့အပြင် စစ်ဆေးခြင်းအတွက် မိတ်ဆက်ကိုလည်း ဖတ်ပြရမည်။

ဤစစ်ဆေးခြင်း၏ အကြောင်းအရာကို လူငယ်များ ဘယ်လောက်သိရှိသလဲဆိုသည်ကို ခန့်မှန်းတိုင်းတာရန်ဖြစ်သည်။ ၎င်းကို ဘယ်လောက် ရေးတတ် ဖတ်တတ် နိုင်သလဲဆိုသည်ကို စစ်ဆေးခြင်း မဟုတ်ပါ။ အကယ်၍ အုပ်စုထဲတွင် ဖတ်ရန် နှင့် ရေးသားရန် အခက်အခဲ ရှိသူများပါရှိပါက ဦးဆောင်သူများသည် မေးခွန်းများကို ဖတ်ပြပြီး ၎င်းတို့ကိုယ်တိုင် ပြန်လည်တုန့်ပြန်မှုများကို ရေးသားပေး နိုင်သည်။

ပြီးသွားသော ကြိုတင် စစ်ဆေးခြင်းများကို လုံခြုံသောနေရာတွင် သိမ်းထားပါ။ သင်တန်းပြီးဆုံးချိန် နောက်ဆုံးစစ်ဆေးခြင်းနှင့် နှိုင်းယှဉ်ရန် သင်လိုအပ်လာလိမ့်မည်ဖြစ်သည်။

## အခန်း အနှစ်ချုပ်

၎င်းတို့မှာ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ တည်ထောင်ရန် အဆင့်များဖြစ်သည်-

- WVမှ ရပ်ရွာလူထုအားသာချက်နှင့် စိန်ခေါ်မှုများအား လေ့လာပြီး WVနှင့် ခိုင်မာသည့် ရင်းနှီးမှု ရရှိထားသော ရပ်ရွာလူထုတွင်းတွင် စတင်ပါ။
- အကယ်၍ လူငယ်တစ်ယောက် ရုပ်ပိုင်းဆိုင်ရာ (သို့) လိင်ပိုင်းအရ အနိုင်ကျင့်ခံရသည်ဟု တင်ပြလာပါက ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူ လိုက်နာလုပ်ဆောင်ရန် တုန့်ပြန်မှု အစီအစဉ်ကို ပြုလုပ်ပါ။
- လူကြီး နှင့် လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများကို 'IS 1c -စစ်ဆေးရမည့် အချက်အလက် - ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့လူကြီးဦးဆောင်သူ' နှင့် 'IS 1d - စစ်ဆေးရမည့် အချက်အလက်-ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့လူငယ်ဦးဆောင်သူ' သတ်မှတ်ချက်များအရ ခန့်ထားပါ။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့လူငယ် ပါဝင်သူများကို 'IS 1e - စစ်ဆေးရမည့်အချက်အလက်-ထိခိုက်လွယ်သောလူငယ်များ' သတ်မှတ်ချက်များအရ စုဆောင်းပါ။
- အလုပ်ရုံဆွေးနွေးပွဲကို ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ရပ်ရွာလူထုမှ မိဘများ/အုပ်ထိန်းသူများ၊ လူငယ်များနှင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများနှင့် အတူ ပြုလုပ်ရန်မှာ-
  - » သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)မာတိကာမှ အခန်းများကို အရွေးသတ်ပါ။
  - » ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ အချိန်ဇယားများကို ဆုံးဖြတ်ပါ။
  - » ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ နေရာအတွက် သတ်မှတ်ပါ။
- အန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်မှုအား လေ့လာခြင်းကို ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့မှ ပါဝင်သော လူငယ်များ နှင့် လုပ်ဆောင်ပါ၊ ဤလက်စွဲစာအုပ် အခန်း ၂ကို ရှင်းပြပါ။
- ပထမဆုံး အခန်း မတိုင်မီ အကြိုစစ်ဆေးခြင်းကို ကြီးကြပ်လုပ်ဆောင်ပါ။

## IS 1a - 40 Development Assets အား ရှာဖွေမှု ပညာ

## အရွယ်ရောက်ပြီး လူငယ်(အသက် ၁၂–၁၈)များအတွက် 40 Development Assets ®

ရှာဖွေမှုပညာသည် အောက်ပါကျန်းမာစွာ ဖွံ့ဖြိုးခြင်း၏တည်ဆောက်မှု အရာများဖြစ်သည်— ဖွံ့ဖြိုးမှု အရည်အချင်းများ ဟု သိသော— ၎င်းသည် လူငယ်များကျန်းမာစွာ ကြီးထွားခြင်း ကိုကူညီသော၊ စောင့်ရှောက်မှု နှင့် တာဝန်သိတတ်မှုတို့ဖြစ်သည်။

1 . **မိသားစုအထောက်အပံ့—** ကြီးမားသော ချစ်ခြင်း နှင့် အထောက်အပံ့ စီစဉ်ပေးသော မိသားစုဘ၀။

2 . **အပေါင်းလက္ခဏာဆောင်သောမိသားစုဆက်ဆံရေး—** လူငယ် နှင့် သူမ (သို့) သူ ၏ မိဘများ အပေါင်းလက္ခဏာရှိသော ဆက်ဆံရေးရှိပြီး လူငယ်သည် မိဘများမှ ပေးသော အကြံဉာဏ်နှင့် ဆုံးဖြတ်ချက်များကို ခံယူလိုခြင်း

3 . **အခြားလူကြီးနှင့် ဆက်ဆံရေး—** လူငယ်သည် မိဘမဟုတ်သော အခြားလူကြီးသုံးဦး (သို့) ထိုထက်ပိုသော မှ ထောက်ပံ့မှုရရှိခြင်း

4 . **အိမ်နီးနားချင်းမှ စောင့်ရှောက်ခြင်း—** လူငယ်တွင် အိမ်နီးနားချင်းမှစောင့်ရှောက်ခြင်း အတွေ့အကြုံရှိခြင်း

5 . **ကျောင်းပတ်ဝန်းကျင်မှ စောင့်ရှောက်ခြင်း—** ကျောင်းမှစောင့်ရှောက်ခြင်းနှင့် စိတ်ဓါတ်မြှင့်ပေးသည့် ပတ်ဝန်းကျင်ရှိခြင်း

6 . **ကျောင်းလုပ်ရှားမှုများတွင် မိဘများပါဝင်လာခြင်း—** မိဘများမှာ လူငယ်များ ကျောင်းတွင်အောင်မြင်မှုရရန် လုပ်ရှားမှုများတွင် ပါဝင်ခြင်းဖြင့် ကူညီပေးခြင်း

7 . **လူငယ် အသိုင်းအဝိုင်း တန်ဖိုး—** လူငယ်သည် လူကြီးများ၏အသိုင်းအဝိုင်းမှ တန်ဖိုးကို နားလည်လက်ခံခြင်း

8 . **လူငယ်အား အရင်းအမြစ်အဖြစ်သတ်မှတ်ခြင်း —** လူငယ်များအား အသိုင်းအဝိုင်းတွင် အသုံးဝင်သော အဆင့်ပေးအပ်ခြင်း

9 . **အခြားသူများသို့ ဝန်ဆောင်မှုပေးခြင်း—** အသိုင်းအဝိုင်းတွင် လူငယ်သည် တစ်ပါတ်လျှင်တစ်နာရီ (သို့) ထိုထက်ပိုသော ဝန်ဆောင်မှု ပေးခြင်း

10. **လုံခြုံစိတ်ချရခြင်း—** လူငယ်များသည် အိမ်၊ ကျောင်းနှင့် အိမ်နီးနားချင်းတွင်လုံခြုံသည်ဟု ခံစားရခြင်း

11. **မိသားစု တားမြစ်ချက်များ—** မိသားစုတွင် ရှင်းလင်းသောစည်းကမ်းနှင့် အကျိုးဆက်နှင့် လူငယ်များဘယ်နေရာရောက်နေသည်ကို စောင့်ကြည့်ခြင်းများရှိခြင်း။

12. **ကျောင်းစည်းကမ်းများ—** ကျောင်းသည် ရှင်းလင်းသောစည်းကမ်းနှင့် အကျိုးဆက်များ ထုတ်ပြန်ထားခြင်း

13. **အိမ်နီးနားချင်း စည်းကမ်းများ—** အိမ်နီးနားချင်းများသည် လူငယ်များ၏အပြုအမူများကို စောင့်ကြည့်နေရန် တာဝန်ယူခြင်း

14. **စံနမူနာ လူကြီးများ—** မိဘ(များ)နှင့် အခြားစိတ်ကောင်းရှိသည့် လူကြီးများ၊ အပြုအမူ တာဝန်ယူခြင်း

15. **သူငယ်ချင်းအချင်းချင်း ကောင်းမွန်သော လွှမ်းမိုးမှု—** လူငယ်၏ အခင်ဆုံးသူငယ်ချင်းအား  စံနမူနာပြုပြီး မိမိအပြုအမူကို တာဝန်ယူခြင်း

16. **မြင့်မားသော ရည်မှန်းချက်များ—** မိဘ(များ)နှင့် ဆရာများတို့သည် လူငယ်ကို ကောင်းမွန်စွာလုပ်ဆောင်နိုင်ရန် စိတ်ဓါတ်မြှင့်တင်ပေးခြင်း

17. **ဖန်တီးနိုင်မှုစွမ်းရည်—** လူငယ်သည် တစ်ပါတ်လျှင် သုံးနာရီ (သို့)ပိုမိုသောအချိန်ကို သင်ခန်းစာများ၊ သီချင်း၊ပြဇာတ်၊ (သို့) အခြား အနုပညာ လေ့ကျင့်ခြင်းဖြင့် ကုန်ဆုံးခြင်း

18. **လူငယ်အစီအစဉ်များ—** လူငယ်သည် တစ်ပါတ်လျှင် သုံးနာရီ (သို့) ပိုမိုသောအချိန်ကို ကျောင်းနှင့်/(သို့ ) အဖွဲ့အစည်းများမှ အားကစား၊ အဖွဲ့များ၊ အဖွဲ့အစည်းများအတွက် ကုန်ဆုံးခြင်း

19. **ဘာသာရေး အသိုင်းအဝိုင်း—** လူငယ် သည် တစ်ပါတ်လျှင် တစ်နာရီ (သို့)ပိုမိုသော အချိန်ကို ဘာသာရေးအသင်း မှလှုပ်ရှားမှုများ အတွက် ကုန်ဆုံးခြင်း

20. **အိမ်တွင်နေချိန်—** လူငယ်များသည် သူငယ်ချင်းနှင့် အပြင်ထွက်ခြင်း "ထူးထူးခြားခြား ဘာမျှမလုပ်ပဲ" တစ်ပါတ်လျှင် နှစ်ည (သို့) ထိုထက်နည်းသောည ကို ကုန်ဆုံးခြင်း

21. **တက်ကြွစွာ အောင်မြင်ခြင်း —** လူငယ်သည် ကျောင်းတွင်ကောင်းမွန်စွာ လုပ်ဆောင်ရန် စိတ်ဓါတ်တက်ကြွခြင်း

22. **ကျောင်းတွင် စိတ်ပါဝင်စားခြင်း—** လူငယ်သည် သင်ကြားရေးတွင် စိတ်ပါဝင်စားစွာ တက်တက်ကြွကြွ လေ့လာခြင်း

23. **အိမ်စာ**— လူငယ်သည် အနည်းဆုံးတစ်နာရီ ကျောင်းတက်ရက်များတွင် အိမ်စာလုပ်သည်ဟု တင်ပြခြင်း
24. **ကျောင်းသို့ကတိပြုထားခြင်း**— လူငယ်သည် သူမ(သို့) သူ့၏ကျောင်းကို ဂရုစိုက်ခြင်း
25. **ပျော်ရွှင်မှုအတွက်စာဖတ်ခြင်း**— လူငယ်သည် တစ်ပါတ်လျှင် သုံးနာရီ (သို့) ပိုမိုသောအချိန်ကို ပျော်ရွှင်မှုအတွက်စာဖတ်ခြင်း
26. **ဂရုစိုက်ခြင်း**— လူငယ်သည် အခြားသူများကို ကူညီခြင်းအား တန်ဖိုးမြင့်မားစွာထားခြင်း
27. **မျှတမှုနှင့်လူမှုရေး ဘက်မလိုက်ခြင်း**—လူငယ်သည် မျှတမှုကို တန်ဖိုးမြင့်မားစွာထားပြီး ဆာလောင်မှုနှင့်ချို့တဲ့မှုကို လျော့ချခြင်း
28. **ဖြောင့်မှန်ခြင်း**— လူငယ်သည် သူမ (သို့) သူ့ ယုံကြည်မှုပေါ်တွင် ခိုင်မာသောယုံကြည်ချက်နှင့် ရပ်တည်ခြင်း
29. **ရိုးသားခြင်း**— လူငယ်သည် "မလွယ်ကူသည့်အချိန်တွင်ပင် အမှန်ပြောခြင်း"
30. **တာဝန်သိတတ်မှု**— လူငယ်သည် အမှားကိုလက်ခံပြီး ကိုယ်တိုင်တာဝန်ယူရမည်ကိုသိရှိခြင်း
31. **ထိန်းချုပ်နိုင်ခြင်း**— လူငယ်သည် လိင်မှုကိစ္စ(သို့) အရက်(သို့) မူးယစ်ဆေးသုံးစွဲမှုများ မပြုလုပ်ရန်မှာ အရေးကြီးကြောင်း ယုံကြည်ခြင်း
32. **စီစဉ်ခြင်းနှင့်ဆုံးဖြတ်ချက်ချခြင်း**— လူငယ်သည် မည်ကဲ့သို့ဦးဆောင် စီစဉ်ရမည်နှင့် ရွေးချယ်မှုပြုလုပ်ရမည်ကို သိရှိခြင်း
33. **လူမှုရေး ကြိုးစားခြင်း**— လူငယ်တွင် ကိုယ်ချင်းစာစိတ်၊ ခံစားနိုင်စွမ်းနှင့် ပေါင်းသင်းဆက်ဆံရေးအရည်အချင်း ရှိခြင်း
34. **ယဉ်ကျေးမှု ကြိုးစားခြင်း**— လူငယ်တွင် ခြားနားသော ယဉ်ကျေးမှု/လူမျိုး/လူမျိုးခြား နောက်ခံများ၏ ဗဟုသုတရှိခြင်း
35. **ခုခံနိုင်သည့် အရည်အချင်း**— လူငယ်သည် အခြားသောဆိုးသွမ်းလူငယ်များ၏အန္တရာယ်ရှိသည့် အခြေအနေများကို ခုခံနိုင်ခြင်း
36. **ငြိမ်းချမ်းခြင်းနှင့် ကြားနေဝါဒ** — လူငယ်သည် အငြင်းပွားဖွယ်ကိစ္စရပ်များတွင်  ကြားနေအဖြစ် ဖြေရှင်းနိုင်ခြင်း
37. **ကိုယ်ပိုင် အင်အား**— လူငယ်သည် သူ(သို့)သူမသည် "မိမိတွင်ဖြစ်လာမည့် အရာများ" အပေါ်ထိန်းချုပ်နိုင်သည်ဟု ခံစားရခြင်း
38. **ကိုယ့်ကိုယ်ကို ယုံကြည်ခြင်း**— လူငယ်တွင် မိမိကိုယ်ကို ယုံကြည်မှု မြင့်မားစွာရှိသည်ဟု တင်ပြခြင်း
39. **ရည်ရွယ်ချက်ကိုသိရှိနိုင်ခြင်း**— လူငယ်သည်"ကျွန်ုပ်၏ ဘဝမှာ ရည်ရွယ်ချက်ရှိသည်ဟု" တင်ပြခြင်း
40. **ကောင်းမွန်သော အနာဂါတ် အမြင်ရှိခြင်း**— လူငယ်သည် သူမ(သို့)သူ၏အနာဂါတ်ကို အကောင်းမြင်ခြင်း

ဤစာမျက်နှာမှာ ပညာရေး၊ စီးပွားဖြစ်မဟုတ်သော အသုံးပြုခြင်းအတွက်သာ ပြန်လည်ထုတ်လုပ်ထားပါသည်။ ရှာဖွေမှုသိပ္ပံ၏ တစ်ဦးတည်းမူပိုင် © ၁၉၉၇၊ ၂၀၀၆၊ 615 First Avenue N.E., Suite 125, Minneapolis, MN 55413; 800-888-7828; www.search-institute.org. All Rights Reserved. အောက်ပါတို့မှာ ရှာဖွေမှုသိပ္ပံ၏ မှတ်ပုံတင်ထားသော အမှတ်အသားများဖြစ်သည်: ရှာဖွေမှု သိပ္ပံ®၊ ဖွံ့ဖြိုးခြင်းလွှမ်းမိုးမှုများ ® နှင့်ကျန်းမာသော အသိုင်းအဝိုင်း•ကျန်းမာသော လူငယ်®.

## IS 1b - စစ်ဆေးရမည့် အချက်အလက် -ကျွမ်းကျင်သောလမ်းပြလုပ်ငန်းအဖွဲ့အလုပ်ရုံဆွေးနွေးပွဲ

အောက်ပါ လူအဖွဲ့များကို ကျွမ်းကျင်သောလမ်းပြလုပ်ငန်းအဖွဲ့ အလုပ်ရုံဆွေးနွေးပွဲ သို့ တက်ရောက်ရန် ဖိတ်ကြားသင့်သည်-

- မိဘများ/အုပ်ထိန်းသူများ
- လုပ်ငန်း (ကျွမ်းကျင်သောလမ်းပြလုပ်ငန်းအဖွဲ့၏ အနာဂါတ်တွင် ပါဝင်မည့်သူများ)
- ရပ်ရွာလူထုမှ မည်သည့် အဓိက စောင့်ရှောက်သူများမဆို (ကျွမ်းကျင်သောလမ်းပြလုပ်ငန်းအဖွဲ့ အားကူညီရန် စိတ်ပါဝင်စားပြီး မိဘများ/အုပ်ထိန်းသူများအား ပို့ချင်လာအောင် ဆွဲဆောင်ပြီး ထောက်ပံ့ပေးနိုင်သည့်အသိုင်းအဝိုင်းမှ အဖွဲ့ဝင်)။

| ကျွမ်းကျင်သောလမ်းပြလုပ်ငန်းအဖွဲ့အလုပ်ရုံဆွေးနွေးပွဲတွင် အောက်ပါ အဆင့်များ အောင်မြင်ကြောင်း သေချာပါစေ။ | ✔ |
|---|---|
| Stakeholder များကို သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit) အတိုချုပ် အနှစ်ချုပ်ကို ပေးနိုင်သည်။ | |
| မိဘများ (သို့) လုပ်ငန်းများမှ ဤအသက်အရွယ်အတွက် သင်ကြားရန်မသင့်တော် (သို့) အသက်ပိုကြီးသော လုပ်ငန်းများကိုသာ သင်ကြားသင့်သည့်အကြောင်းအရာများ ရှိသလားဆိုသည်ကို ဆုံးဖြတ်ပါ။ | |
| အဖွဲ့အတွက် အချိန်ဇယားကိုဆုံးဖြတ်ပါ။ လိုအပ်ချက်နှင့် အချိန်ဇယားများသည် လုပ်ငန်းများအတွက် အဓိက သက်ဆိုင်သည့် အချိန်ဇယားကို ဆုံးဖြတ်သင့်သည်။ | |
| လူထုမှ လက်တွဲလုပ်နိုင်သူများကို သတ်မှတ်ပါ။ ဥပမာ၊ သင့်တင့်သောအပိုသင်တန်းများ တောင်းဆိုနိုင်သော NGOများ (သို့) ရှိပြီးသား လုပ်ငန်းအဖွဲ့များ။ | |
| မိဘများ/အုပ်ထိန်းသူများသည် ကျွမ်းကျင်သော လမ်းပြသင်တန်းနှင့်  အန္တရာယ်ဖြစ်နိုင်ချေအကဲဖြတ်မှု အစီအစဉ်တွင် ပါဝင်ရန် ခွင့်ပြုကြောင်း မိဘနှင့် လုပ်ငန်းများ သဘောတူညီမှု ပုံစံများတွင် လက်မှတ်ရေးထိုးခြင်း | |

## IS 1c - စစ်ဆေးရမည့် အချက်အလက် - ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ကောင်းမွန်သော လူကြီးဦးဆောင်သူ

ဝေါလ်ဗီရှင်ဝန်ထမ်းသည် ဤစစ်ဆေးရမည့် အချက်အလက်ကို အသုံးပြုပြီး ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ကောင်းမွန်သော လူကြီး ဦးဆောင်သူများကို သတ်မှတ်ရန် ကူညီနိုင်သည်။

| ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူကြီးဦးဆောင်သူတစ်ဦးဖြစ်ရန်အတွက် ဦးစားပေး အရည်အသွေးများ | Yes | No |
|---|---|---|
| ၎င်းတို့၏ အချိန်ဇယားပြင်ဆင်ရန် နှင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ကို တစ်နှစ်လုံးလည်ပတ် နိုင်စေရန် လုံလောက်သော အချိန်ရှိမည်။ | | |
| လူငယ်များနှင့် အဆင်ပြေပြေဖြစ်သူ – လူငယ်များနှင့် ဆက်ဆံရေး တည်ဆောက်နိုင်သောသူ | | |
| လူငယ်များ နှင့်တွဲဖက်၍ အလုပ်အတွေ့အကြုံ (သို့) သင်တန်း ပေးဖူးသူ | | |
| အမျိုးမျိုးသောပတ်ဝန်းကျင်မှ လူများနှင့် တွဲဖက်အလုပ်လုပ်နိုင်သူ | | |
| ရပ်ရွာလူထုမှ ကြိုက်နှစ်သက် (သို့) လေးစားရသောသူ | | |
| လူငယ်များမှ အားကျ စံထား အတုယူနိုင်သောသူ | | |
| ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ကိုဦးဆောင်နိုင်ရန် မြင့်မားသော ကတိထားရှိသည် | | |
| လူငယ်များအား သင်တန်းတက်ရောက်ရန် စိတ်ဓါတ်မြှင့်တင်နိုင်သည် | | |
| သင်ခန်းစာများအတွက် လုံလောက်သော ပြင်ဆင်မှုတွင် တာဝန်ယူနိုင်မှု | | |
| ဝေါလ်ဗီရှင် ၏ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး မူဝါဒ အားလိုက်နာနိုင်သူ | | |
| အခြားသူများ အပေါ် မဝေဖန်တတ်သည့် မေတ္တာတရားကြီးမားသူ | | |
| ကလေးငယ်များအား ကိုယ်ကာယ (သို့) လိင်ပိုင်းအရ အနိုင်မကျင့်ခဲ့ဖူးသူ ( သေချာစေရန် သင်သည် နောက်ကြောင်းစစ်ဆေးခြင်းကို ကြီးကြပ်လုပ်ဆောင်ပါ) | | |

## IS 1d - စစ်ဆေးရမည့်အချက်အလက် -ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ကောင်းမွန်သောလူငယ် ဦးဆောင်သူ

| လူငယ် ဦးဆောင်နိုင်သူအတွက် ဦးစားပေး အရည်အသွေးများ | Yes | No |
|---|---|---|
| လူများ ကြိုက်နှစ်သက်သော လူငယ် | | |
| စိတ်ကောင်းရှိသော စံပြလူငယ် | | |
| ကြင်နာပြီး အခြားသူများအား အနိုင်ကျင့် (သို့) လှောင်ပြောင်မှုမရှိသော လူငယ် | | |
| စေတနာ့ဝန်ထမ်း လုပ်ခဲ့ဖူးသော အတွေ့အကြုံရှိသည့် လူငယ် | | |
| သင်ခန်းစာအားလုံးတက်ရန် လုံလောက်သောအချိန်ရှိသည့်လူငယ်ဖြစ်ရမည်၊ အိမ်မှ သူနှင့်သူမ မိသားစုအား ထောက်ပံ့ရန် အလုပ်ပိုမိုလုပ်နေရသောလူငယ်အား ဦးဆောင်သူ လူငယ်အဖြစ်မရွေးချယ်လိုက်မိစေရန် ဂရုစိုက်ပါ။ | | |
| စာဖတ်နိုင်သော လူငယ် | | |
| ပါဝင်သူများနှင့် တူညီသော ယဉ်ကျေးမှုမှလာသော လူငယ်၊ ဥပမာ အကယ်၍ ပါဝင်သူများသည် မြန်မာနိုင်ငံမှ ပြောင်းရွှေ့လာသူများ ဖြစ်ပါက မြန်မာနိုင်ငံမှ ပြောင်းရွှေ့လာသောလူငယ်ကိုသာ ရွေးချယ်ပါ။ | | |

## IS 1e - စစ်ဆေးရမည့် အချက်အလက်- ထိခိုက်လွယ်သော လူငယ်

| ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တက်ရောက်သူများသည် အောက်ပါ လူငယ်များ ပါဝင်သင့်သည်။ | Yes | No |
|---|---|---|
| ကျောင်းမတက်ရောက်နိုင်သော(သို့) တစ်ဝက်တစ်ပျက်တက်ရောက်သော လူငယ် | | |
| မသန်စွမ်း လူငယ် | | |
| လူနည်း လူမျိုးစု အုပ်စုများမှ လူငယ် | | |
| တူညီသော ယောက်ျားလေးနှင့် မိန်းကလေး အရေအတွက် | | |
| ထိခိုက်လွယ်သည်ဟု သတ်မှတ်ခံရသော လူငယ် | | |
| အသက် ၂၁ အောက် ပြောင်းရွှေ့နေထိုင်သူ မောင်နှမရှိသော လူငယ် | | |
| အသက် ၂၁ အောက် အလုပ်စတင်လုပ်ကိုင်နေသူ မောင်နှမရှိသော လူငယ် | | |
| အိမ်ရာမဲ့ လူငယ် | | |
| ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သည် ဘာသာရေးပေါ်မူတည်ပြီး ခွဲခြားမှုမရှိသောကြောင့်၊ ဘာသာခြား သို့မဟုတ် ဘာသာမဲ့ လူငယ်များလည်း ပါဝင်နိုင်သည်။ | | |

## IS 1f - စစ်ဆေးရမည့် အချက်အလက် - ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့၏ နေရာ

| လူငယ် အဖွဲ့၏နေရာအတွက် အသင့်တင့်ဆုံး အရည်အသွေးများ | Yes | No |
|---|---|---|
| ပါဝင်သူ ၂၅ ယောက်အတွက် လုံလောက်သော အကျယ်အဝန်း | | |
| နေဒဏ်နှင့်မိုးဒဏ်မှ အကာအကွယ်ပေးနိုင်ပြီး ရာသီဥတုဒဏ်ကာကွယ်နိုင်သောနေရာ | | |
| အစည်းအဝေးပြုလုပ်စဉ် သရုပ်ပြရန် ရုပ်ပုံ စာရွက်များ ချိတ်ဆွဲရန် အနည်းဆုံး နံရံတစ်ခုရှိရမည်။ | | |
| ပါဝင်သူများမှ မြေပြင်ပေါ်တွင် စက်ဝိုင်းပုံ ထိုင်နိုင်သောနေရာနှင့် သွေးပူလေ့ကျင့်ခန်း ကစားနည်းများ ကစားနိုင်သော နေရာ(စားပွဲနှင့်ထိုင်ခုံများ မလိုအပ်ပါ၊ သို့သော် ကြမ်းပေါ်တွင်ထိုင်နိုင်သောနေရာ ရှိမည်ဆိုက အခန်းတွင် ၎င်းတို့ရှိနေပါကလည်း ပြဿနာမဟုတ်ပါ။) | | |
| လူငယ်များမှ အဖွဲ့ပြင်ပမှ သူများမှ နားစွန်နားဖျားပင် မကြားရပဲ ပွင့်လင်းစွာ ပြောဆိုနိုင်သော နေရာ | | |
| ပါဝင်သူများမှ သက်တောင့်သက်သာနှင့် ကြိုဆိုသည်ဟု ခံစားရသောနေရာ | | |

# အခန်း (၂) လူငယ်ပါဝင်ခြင်း အန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ချက်

သင်တန်းကာလ၏ ရည်ရွယ်ချက်သည် လူငယ်အဖွဲ့များတွင်ပါဝင်သော လူငယ်၏ အန္တရာယ်များနှင့် ထိခိုက်နိုင်မှုကို အကဲဖြတ်ရန် ဖြစ်သည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူကြီးဦးဆောင်သူများ အကူအညီနှင့် ဝေါလ်ဗီရှင်ဝန်ထမ်းသည် အဖွဲ့တစ်ခုချင်းစီ အစပြုရာတွင် အန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ချက်ကို ဦးဆောင်သင့်သည်။ ၄င်းကို ဦးဆောင်ခြင်းအတွက် အဆင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

အန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ချက်နှင့် လျော့ပါးသက်သာစေခြင်းလုပ်ငန်းစဉ်သည် အောက်ပါရည်မှန်းချက်များကို ရရှိစေရန် ကူညီလိမ့်မည် -

၁။ ကျွမ်းကျင်လမ်းပြလူငယ်အဖွဲ့တွင် ပါဝင်ဆောင်ရွက်နေသူ လူငယ်ကို အန္တရာယ် ဖြစ်နိုင်ချေများကို ဖော်ထုတ်ပါ။

၂။ အန္တရာယ်ဖြစ်နိုင်ချေ လျော့ပါးသက်သာစေမည့် စီမံချက်တစ်ခုကို ဖွံ့ဖြိုးအောင် ဆောင်ရွက်ပါ။

ဤဆောင်ရွက်ချက်များသည် လူငယ်တစ်ယောက်ဘဝ၏ အောက်ဖော်ပြပါ အဓိကနယ်ပယ်သုံးခုနှင့် ဆက်စပ်နေသော အန္တရာယ်ဖြစ်နိုင်ချေများကို အဓိက အကဲဖြတ်ပေလိမ့်မည်။

- ပညာရေး ဖွံ့ဖြိုးတိုးတက်မှု - ကျောင်းတက်ရောက်မှုနှင့် အိမ်စာလုပ်ဆောင်ချက်အပါအဝင် လူငယ်၏ ပညာရေးအပေါ် အကျိုးသက်ရောက်မှုများ။
- လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု - လူငယ်၏ တက်ရောက်လာမှုကို သဘောမကျသောသူများမှ ခွဲခြားမှု အပါအဝင် လူငယ်နှင့် အခြားလူငယ်တစ်ယောက်၊ လူငယ်နှင့် သူတို့၏မိသားစုများထဲရှိ လူကြီးနှင့် ရပ်ရွာလူထုများ၏ ဆက်သွယ်ချက်များအပေါ် အကျိုးသက်ရောက်မှုများ။
- လုံခြုံမှု - အဖွဲ့လုပ်ငန်းဆောင်ရွက်ချက်များတွင် ပါဝင်ဆောင်ရွက်နေစဉ် လိင်ပိုင်းဆိုင်ရာနှင့် လူကုန်ကူးသူများ၏ ခြိမ်းခြောက်မှုများ အပါအဝင် လူငယ်၏ ကိုယ်ရေးကိုယ်တာ လုံခြုံမှုအပေါ် အကျိုးသက်ရောက်မှုများ။

လူငယ်အပေါ် ဖြစ်နိုင်ချေရှိသည့် မည်သည့်ဆိုးကျိုးသက်ရောက်မှုများကိုမဆို ယူဆထားပြီး ထိရောက်စွာရင်ဆိုင်နိုင်စေရန်သည် မှန်ကန်ပြီး လက်ခံထားသော ကျင့်ဝတ်ပိုင်းဆိုင်ရာ လက်တွေ့လုပ်ဆောင်ချက်များနှင့် ညီညွတ်စေချင်၎င်း အန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ချက်ကို အသုံးပြုရန် အဓိကကျသည်။

ဤအရာနှင့်ပတ်သတ်၍ ညီညွတ်စေရန် ဤလမ်းညွှန်ချက်များကို လိုက်နာသင့်သည်။

၁။ ဤသင်တန်းကာလကို ဦးစီးဦးရွက်ပြုရန် အရင်ဆုံးအနေဖြင့် အန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ချက် လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရန်ခွင့်ပြုသည့်ဆိုသော လူငယ်၏ မိဘ သို့မဟုတ် အုပ်ထိန်းသူထံမှ ရေးထားသော သဘောတူညီမှုပုံစံကို ရယူထားပါ။

၂။ အကဲဖြတ်ချက်၏ ရည်ရွယ်ချက်နှင့် ရလဒ်များကို မည်ကဲ့သို့ အသုံးပြုမည်ဆိုသည်ကို ပါဝင်သူများအား အသိပေးထားပါ။

၃။ တွေ့ရှိချက်များကို လျှို့ဝှက်စွာထားရှိမည်ဖြစ်ကြောင်းနှင့် ၄င်းတို့အနေဖြင့် ၄င်းတို့ကိုစိတ်သိကအောင် ဖြစ်စေမည့် မည်သည့်မေးခွန်းကိုမဆို ဖြေဆိုရန်မလိုကြောင်း ပါဝင်သူများကို သေချာစွာ သိရှိပါစေ။

၄။ အန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ချက် လုပ်ငန်းစဉ် လုပ်ဆောင်နေချိန်တွင် အချို့သော ကိုယ်ရေးကိုယ်တာ သတင်း အချက်အလက်များကို မေးမြန်းလိမ့်မည် ဆိုသည်ကို ပါဝင်သူများအား အသိပေးထားပါ။

၅။ အန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ချက် လုပ်ငန်းစဉ် လုပ်ဆောင်နေချိန်အတွင်း ပါဝင်သူများ၏တုန့်ပြန်မှုများကို အနီးကပ် စောင့်ကြည့်နေသင့်သည်။ အကယ်၍ မည်သည့်အချိန်တွင်မဆို ပါဝင်သူလူငယ်တစ်ယောက်သည် ပူပင်သောက သို့မဟုတ် စိတ်ကသိကအောင့် ဖြစ်လာခဲ့ပါက မေးခွန်းကိုကျော်လိုက်ခြင်းသို့ ရပ်တန့်ခြင်း ပြုလုပ်လိုက်ပါ။ သူ သို့မဟုတ် သူမ၏တုန့်ပြန်ချက်အတွက် ဆွေးနွေးရန်နှင့် အကယ်၍ လိုအပ်ပါက လေ့ကျင့်ပေးထားသော အတိုင်ပင်ခံပုဂ္ဂိုလ်ဆီသို့ လွှဲပေးခြင်း အပါအဝင် သင့်လျော်သည်ဟု ယူဆသည့် စိတ်လုပ်ရှားမှုပိုင်းဆိုင်ရာ အထောက်အပံ့ ဖြည့်ဆည်းပေးဖို့ ပါဝင်သူနှင့် အမြန်ဆုံး တွေ့ဆုံရန် အရေးကြီးသည်။ ဝေါလ်ဗီရှင်၏ ကလေးသူငယ် အကာအကွယ် စောင့်ရှောက်ရေးမူဝါဒ နှင့် အညီ ရိုင်းစိုင်းသော အခြေအနေများ သို့မဟုတ် ဖြစ်စဉ်များ မှုဝေလျှင် ချက်ချင်းပင် သတင်းပို့သင့်သည်။

# အွန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ချက်

## ရည်ရွယ်ချက်

လူငယ်အဖွဲ့များတွင် ပါဝင်ဆောင်ရွက်ရန်ပါဝင်သူများ တစ်ဦးချင်းစီနှင့်အုပ်စုလိုက်၏ အန္တရာယ်ဖြစ်နိုင်ချေအဆင့်ကို အကဲဖြတ်ရန်

## အချိန်

၄၅ မိနစ်

## အထောက်အပံ့များ

- • Flip – chart paper (ဖလစ်ချပ်စက္ကူစာရွက်)
- ကပ်ခွာမှတ်စုစာရွက်များ
- ခဲတံများ
- ပါဝင်သူများ အားလုံးအတွက် မိတ္တူများ
  - >> IS2a - ပါဝင်သူ လူငယ်များအတွက် ခွင့်ပြုချက်ပုံစံ
  - >> IS2b  - မိဘများ သို့မဟုတ် အုပ်ထိန်းသူများအတွက် ခွင့်ပြုချက်ပုံစံ
  - >> IS2c - အွန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ချက် ကိရိယာ

## ပါဝင်သူများ

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် ပါဝင်သူများ

## ဦးဆောင်သူများ

လူကုန်ကူးမှုအဆုံးသတ်ရေးစီမံကိန်းမှ ကျွမ်းကျင်သောလမ်းပြသင်တန်းကို တက်ရောက်ထားသော ဝေါလ်ဗီရှင် နယ်မြေခံဝန်ထမ်း

**မှတ်စု** - ဤသင်တန်းကာလကို မစတင်မီ မိဘများ သို့မဟုတ် အုပ်ထိန်းသူများ သို့မဟုတ် ပါဝင်သူ လူငယ်များအားလုံး၏ ခွင့်ပြုချက်ပုံစံဖြစ်သော IS 2b ကို လက်မှတ်ရေးထိုးထားကြောင်း သေချာပါစေ။

---

၆။ မူဝါဒကို အသုံးချကျွမ်းကျင်လမ်းညွှန်၏နောက်ဆက်တွဲ က အနေဖြင့် ရနိုင်ပြီး ဝေါလ်ဗီရှင်ဝန်ထမ်းအတွက် အွန်လိုင်းတွင် https://www.wvcentral.org/HEA/HEA Test Library/Child Protection Policy and Required Standards.doc တွင် ရရှိနိုင်ပါသည်။

## လုပ်ဆောင်ချက်

ကလေးများကို သင်တန်းမှ ကြိုဆိုပါ။ ယနေ့တွင် ကျွန်ုပ်တို့ လူငယ်အဖွဲ့သည် အနုတ်သဘောဆောင်သော မည်သည့်နောက်ဆက်တွဲကိုမှ ခံစားရခြင်း မရှိစေဘဲ လူငယ်အဖွဲ့များတွင် တစ်စိတ်တစ်ဒေသဖြစ်နိုင်သည့် သေချာမည့် နည်းလမ်းများအကြောင်းကို စဉ်းစားကြလိမ့်မည် ဆိုသည်ကို ရှင်းပြပါ။

ခွင့်ပြုချက်ပုံစံကို ဝေငှပါ။ ၎င်းကို ကျယ်လောင်စွာ ဖတ်ပြပြီး ပါဝင်သူများကို ဖတ်ရှုရန်နှင့် ပုံစံတွင် လက်မှတ်ရေးထိုးရန် ပြောကြားပါ။ အကယ်၍ ကလေးများ စာမဖတ်တတ်ပါက သင်က သူတို့တစ်ဦးချင်းစီကို ဖတ်ပြပြီး နောက်ဆုံးတွင် သူတို့၏အမည်ကို ရေးသားရန် သူတို့၏ ခွင့်ပြုချက် ပေး၊ မပေးကို မေးမြန်းပါ။

၆ ယောက်မှ ၈ ယောက်အထိပါဝင်သောအဖွဲ့များ ဖွဲ့စည်းရန် ကလေးများကို ပြောကြားပါ။ အုပ်စုတစ်ခုစီကို ကြီးမားသော flip- chart စာရွက်အပိုင်း တစ်ခုစီ ပေးလိုက်ပါ။ ယနေ့တွင် ကျွန်ုပ်တို့သည် လူငယ်အဖွဲ့များတွင် ပါဝင်ခြင်း၏ ဖြစ်နိုင်ချေရှိသော အန္တရာယ်ဖြစ်နိုင်ချေများကို ကြိုးစား၍ ကြိုတင်မျှော်မှန်းကြည့်ကြမည် ဆိုသည်ကို ရှင်းပြပါ။ ပထမဆုံးအဆင့်အနေဖြင့် ပညာရေးနှင့်ပတ်သတ်နေသော အန္တရာယ်များ အကြောင်းကို စဉ်းစားကြမည်ဆိုသည်ကို ရှင်းပြပါ။

အန္တရာယ်ဖြစ်နိုင်ချေအကဲဖြတ်ချက်၏အဓိပ္ပာယ်ကို ရှင်းပြခြင်းဖြင့် စတင်ပါ။ အန္တရာယ်နှင့် ထိတွေ့ခြင်းပါဝင်သော အခြေအနေတစ်ခုကို အန္တရာယ်ဖြစ်နိုင်ချေ ဖြစ်သည်။ လူငယ်အဖွဲ့များတွင် ပါဝင်ခြင်းမှ ပေါ်ပေါက်လာနိုင်သော ဖြစ်နိုင်သည့် အန္တရာယ်ဖြစ်နိုင်ချေများကို အမျိုးအစားသုံးခုအဖြစ် အုပ်စုခွဲနိုင်သည်ကို ရှင်းပြပါ (၁) ကျွန်ုပ်တို့၏ ပညာရေး သို့မဟုတ် အလုပ်တွင် အန္တရာယ်ဖြစ်နိုင်ချေ (၂) ရပ်ရွာလူထုထဲတွင် ကျွန်ုပ်တို့နှင့် ပတ်သတ်ဆက်နွယ်နေသော အန္တရာယ်ဖြစ်နိုင်ချေ (၃) ကျွန်ုပ်တို့၏ကိုယ်ရေးကိုယ်တာ လုံခြုံမှုအတွက် အန္တရာယ်ဖြစ်နိုင်ချေ။

မှတ်စု -အချို့သောအဖွဲ့ဝင်များသည် ကျောင်းတက်နေကြသူများ မဟုတ်ကြဘဲ အချိန်ပြည့် သို့မဟုတ် အချိန်ပိုင်း အလုပ်လုပ်နေကြသူများ ဖြစ်နေနိုင်သည်။ ယခင်က အန္တရာယ်ဖြစ်နိုင်ချေကို မကြုံတွေ့ခဲ့ရလျှင်တောင်မှ ၎င်းသည် အန္တရာယ်မရှိဟု မဆိုလိုနိုင်ပါ ၎င်း အန္တရာယ်ဖြစ်နိုင်ချေကို ကြုံတွေ့နိုင်ရမှု နည်းပါးခြင်း ဟု ဆိုသည်ကို ရှင်းပြပါ။

သူတို့သည် ပညာရေးနှင့်ပတ်သက်သော ဖြစ်ပေါ်နိုင်သည့် အန္တရာယ်ဖြစ်နိုင်ချေများအတွက် စိတ်မြေပုံတစ်ခု ဖန်တီးရမည်ဆိုသည်ကို ရှင်းပြပါ။ စာရွက်၏ ပထမ အပိုင်းအစ၏အလယ်တွင် စက်ဝိုင်းတစ်ခုရေးဆွဲရန် လူငယ်ကို ပြောကြားပါ။ လူငယ်သည် ကပ်ခွာမှတ်စုစာရွက်များပေါ်တွင် ဖြစ်နိုင်ချေရှိသော ပညာရေးနှင့်ပတ်သတ်သည့် အန္တရာယ်ဖြစ်နိုင်ချေများကို ရေးထားပြီး ၎င်းတို့ကို စက်ဝိုင်းအလယ်တွင် ကပ်လိုက်ပါ။

သူတို့အလုပ်လုပ်ဆောင်နေစဉ် ကွဲပြားခြားနားသော အန္တရာယ်ဖြစ်နိုင်ချေများကို စဉ်းစားရာတွင် အထောက်အကူဖြစ်စေရန် အောက်ဖော်ပြပါ မေးခွန်းများကို ဖတ်ပြပါ။ အကယ်၍ ဤမေးခွန်းအတွက် အဖြေသည် ' မှားသည် ဤအရာသည် အန္တရာယ်ဖြစ်နိုင်ချေ မရှိ' ဟု သူတို့က ထင်ပါက ၎င်းအရာများသည် စိတ်မြေပုံတွင် မပါဝင်သင့်ဆိုသည်ကို ရှင်းပြပါ။ အကယ်၍ သူတို့သည် အန္တရာယ်ဖြစ်နိုင်ချေရှိသည်ဟု ထင်ပါက သူတို့သည် အဖြေအပြည့်အစုံကို ကပ်ခွာမှတ်စုစာရွက်ပေါ်တွင် ရေးသားပြီး စိတ်မြေပုံပေါ်တွင် ထည့်သွင်းလိုက်ပါ။ ဥပမာ " လူငယ်အဖွဲ့ကို တက်ရောက်နေသည့်အတွက် ကျောင်းပျက်ခြင်း၏ အန္တရာယ်ဖြစ်နိုင်ချေ"။

**မေးခွန်းများ**

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် ပါဝင်ခြင်းသည် အောက်ပါတို့ဖြစ်လိမ့်မည်ဟု သင်ထင်ပါသလား။

- သင့်ကို ကျောင်းပျက်စေမည်လား။
- သင့်ကို ကျောင်းထွက်စေမည်လား။
- သင့်ရဲ့အိမ်စာကို ပြီးစီးအောင် မလုပ်ဆောင်နိုင်ခြင်းမျိုး ဖြစ်စေမည်လား။
- သင့်ရဲ့ပညာသင်ယူရေးကို နောက်ကျစေမည်လား။
- အခြားကျောင်းသားများက သင့်အပေါ် အထင်အမြင်သေးမည် သို့မဟုတ် စိတ်ဒေါသထွက်ကြမည်လား။
- ဆရာများက သင့်အပေါ် အထင်မြင်သေးမည် သို့မဟုတ် စိတ်ဒေါသထွက်ကြမည်လား။
- အကယ်၍သင်သည် အလုပ်လုပ်နေပါက ၎င်းသည် သင့်အလုပ်ကိုပျက်ကွက်စေပြီး သင့်ရဲ့ဝင်ငွေကိုကျဆင်းစေမည်လား။

နောက်တစ်ခု အုပ်စုတစ်ခုစီကို နောက်ထပ် flip-chart စာရွက် အပိုင်းတစ်ခုကို ဝေငှပြီး Flip-chart စာရွက်ပေါ်တွင် ကြီးမားသော စက်ဝိုင်းရေးဆွဲခြင်းဖြင့် ဒုတိယ စိတ်မြေပုံတစ်ခု ဖန်တီးရန် အဖွဲ့များကို ပြောကြားပါ။ ဒီတစ်ခါတော့ ကျွန်ုပ်တို့သည် လူထုထဲတွင် ကျွန်ုပ်တို့နှင့် ပတ်သက်ဆက်စပ်နေသော ဆက်ဆံရေးများတွင် အန္တရာယ်ဖြစ်နိုင်ချေများကို ဖော်ထုတ်ကြမည် ဆိုသည်ကို ရှင်းပြပါ။ အန္တရာယ်ဖြစ်နိုင်ချေတစ်ခုချင်းစီကို ကပ်ခွာမှတ်စုစာရွက်ပေါ်တွင် ရေးပြီး စက်ဝိုင်းထဲတွင် ကပ်ရမည် ဆိုသည်ကို သတိပေးပါ။

သူတို့အလုပ်လုပ်ဆောင်နေစဉ်၊ ကွဲပြားခြားနားသော အန္တရာယ်ဖြစ်နိုင်ချေများကို စဉ်းစားရာတွင် အထောက်အကူဖြစ်စေရန် အောက်ဖော်ပြပါ မေးခွန်းများကို ဖတ်ပြပါ။ အကယ်၍ အန္တရာယ်ဖြစ်နိုင်ချေ မရှိပါက သူတို့သည် စိတ်မြေပုံပေါ်တွင် ချမရေး သင့်ကြောင်းကို သူတို့ကို သတိပေးပါ။ အကယ်၍ အန္တရာယ်ဖြစ်နိုင်ချေ ရှိသည်ဟု ထင်ပါက ၎င်းတို့ပါဝင်သင့်သည့် အဖြေအပြည့်အစုံကို ကပ်ခွာမှတ်စုစာရွက်ပေါ်တွင် ရေးသားပြီး စိတ်မြေပုံပေါ်တွင် ထည့်သွင်းပါ၊ ဥပမာအားဖြင့် " လူတွေက သင်တို့ကို ကောင်းဆိုးလေး သို့မဟုတ် မိန်းမဆိုးလေး ဟု ထင်သွားမည့် အန္တရာယ်ဖြစ်နိုင်ချေ"။

**မေးခွန်းများ**

လူငယ်အဖွဲ့တွင် ပါဝင်ခြင်းသည် အောက်ပါတို့ဖြစ်ပေါ်လာလိမ့်မည်ဟု သင်ထင်ပါသလား။

- သင့်ရဲ့လူ့အဖွဲ့အစည်းအတွင်းက လူများသည် သင့်ကို ဒေါသထွက်ပြီး သင့်အပေါ်တွင် ဆိုးရွားစွာ ပြောဆိုကြမည်လား။
- သင့်ရဲ့ လူ့အဖွဲ့အစည်းအတွင်းက လူများသည် သင့်ကို ဒေါသထွက်ပြီး သူတို့သည် သင့်ကို နာကျင်အောင် လုပ်ဆောင်ကြမည်လား။
- သင့်ရဲ့ ကျေးရွာခေါင်းဆောင် သို့မဟုတ် ရာဇဝတ်မှုကျူးလွန်ဖူးသော လူများက သင့်ကို ဒေါသထွက်ကြမည်လား။
- သင့်ရဲ့မိဘတွေက သင့်ကို ဒေါသ ထွက်ကြမည်လား။
- လူတွေက သင့်ကို ကောင်းဆိုးလေး သို့မဟုတ် မိန်းမဆိုးလေးအဖြစ် ထင်သွားကြမည်လား။
- အခြားသော ငယ်ရွယ်သည့် လူငယ်များက သူတို့သည် ထုတ်ပယ်ခံရသည် သို့မဟုတ် လူ့အဖွဲ့အစည်းပြင်ပက လူများအဖြစ် မြင်သွားကြမည်လား။
- အခြားသော ငယ်ရွယ်သည့် လူငယ်များက သင့်ကို မနာလို ဖြစ်ကြမည်လား။

နောက်ဆုံးတွင် အုပ်စုတစ်ခုချင်းစီကို တတိယမြောက် ဖလစ်ချပ်စာရွက်အပိုင်းကို ဝေငှပြီး ကိုယ်ရေးကိုယ်တာ လုံခြုံရေးနှင့် ဆက်စပ်နေသော အန္တရာယ်များအကြောင်း စိတ်မြေပုံတစ်ခု ဖန်တီးပါ။ အန္တရာယ်ဖြစ်နိုင်ချေ တစ်ခုချင်းစီကို ကပ်ခွာ မှတ်စုစာရွက်ပေါ်တွင် ရေးသားသင့်ပြီး စက်ဝိုင်းတွင် ထည့်သွင်းဖို့ အဖွဲ့များကို သတိပေးပါ။

သူတို့လုပ်ဆောင်နေစဉ် ကွဲပြားခြားနားသော အန္တရာယ်ဖြစ်နိုင်ချေများကို စဉ်းစားရာတွင် အထောက်အကူဖြစ်စေရန် အောက်ဖော်ပြပါ မေးခွန်းများကို နောက်တစ်ကြိမ် ဖတ်ပြပါ။ အကယ်၍ အန္တရာယ်ဖြစ်နိုင်ချေ မရှိပါက သူတို့သည် စိတ်မြေပုံပေါ်တွင် ၎င်းကို မထည့်သွင်းသင့်ကြောင်း သူတို့ကို သတိပေးပါ။

**မေးခွန်းများ**

- အဖွဲ့ သို့မဟုတ် အဖွဲ့လုပ်ဆောင်ချက်များသည် အန္တရာယ်ရှိသောနယ်မြေတွင် တည်ရှိနေသလား။
- အဖွဲ့သို့မဟုတ် အဖွဲ့လုပ်ဆောင်ချက်များသည် သင့်ရဲ့အိမ်နှင့် အရမ်းဝေးကွာလွန်းသောနေရာတွင် ဖြစ်နေပါသလား။
- အဖွဲ့တွင် ပါဝင်ဆောင်ရွက်နေရာတွင် သင်သည် ရုပ်ပိုင်းဆိုင်ရာတိုက်ခိုက်မှုမျိုး ကြုံတွေ့ရလိမ့်မည်လား။
- သင်သည် အဖွဲ့လုပ်ဆောင်ချက်များတွင်ပါဝင်ဆောင်ရွက်နေခြင်းကြောင့် နှောင့်ယှက်တိုက်ခိုက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းမျိုး တွေ့ကြုံရမည်လား။
- အဖွဲ့တွင် သို့မဟုတ် အဖွဲ့သို့သွားရာတွင် လုယက်မှုကဲ့သို့သော ပြစ်မှုအသေးအဖွဲ အန္တရာယ်ဖြစ်နိုင်ချေတစ်ခုခု ရှိမည်လား။
- အဖွဲ့သို့သွားရာတွင် ယာဉ်ကို အပိုင်စီးမှု အန္တရာယ်ဖြစ်နိုင်ချေ တစ်ခုခုများ ရှိနေမည်လား။
- သင်ထပ်ထည့်လိုသော အခြား အန္တရာယ်ဖြစ်နိုင်ချေ တစ်ခုခုများ ရှိသေးလား။

နောက်အဆင့်မှာ အန္တရာယ်ဖြစ်နိုင်ချေများကို ဇယားတွင် ထည့်သွင်းရန် ပါဝင်သူများကို ပြောကြားပါ။

## ဖြစ်နိုင်ချေရှိမှု (Likelihood) နှင့် ပြင်းထန်မှုဇယား

| | အလွန်ဖြစ်နိုင်သည် | ဖြစ်နိုင်သည် | မဖြစ်နိုင်ပါ |
|---|---|---|---|
| လွန်စွာပြင်းထန်သည် | | | |
| အတော်အသင့်ပြင်းထန်သည် | | | |
| မပြင်းထန်ပါ | | | |

အန္တရာယ်ဖြစ်နိုင်ချေတစ်ခု ဖြစ်ပေါ်စေရန် အလွန်ဖြစ်နိုင်သည်၊ ဖြစ်နိုင်သည်၊ မဖြစ်နိုင်ပါ စသည်ကို ရှင်းပြခြင်းဖြင့် ဖြစ်နိုင်မှုဆိုသော စကားလုံးအဓိပ္ပာယ်ကို ရှင်းပြပါ။ ထို့နောက် ပြင်းထန်မှု အဓိပ္ပာယ်နှင့် မြင့်မားသော အတော်အသင့်နှင့် နိမ့်ပါးခြင်းတို့၏ ကွာခြားချက်များကို ရှင်းပြပါ။ ပြင်းထန်မှုကို မြင့်မားသော၊ အတော်အသင့်၊ နိမ့်ပါးခြင်း စကေးပေါ်တွင် အန္တရာယ်ဖြစ်နိုင်ချေသည် မည်မျှ ပြင်းထန်ခြင်း သို့မဟုတ် ကြမ်းတမ်းခြင်းအားဖြင့် တိုင်းတာသည်။

ဖြစ်နိုင်မှုနှင့် ပြင်းထန်မှုဆိုသော အသုံးအနှုန်းကို သင်က တစ်ကြိမ်ရှင်းပြပြီးနောက် ပါဝင်သူများကို ဖလစ်ချပ် ဇယားပေါ်ရှိ ကပ်ခွာမှတ်စုများပေါ်တွင် သူတို့ရေးသားထားသော အန္တရာယ်ဖြစ်နိုင်ချေများအားလုံးကို သူတို့သည် ဖြစ်ပေါ်လာရန် မည်မျှလောက် ဖြစ်နိုင်ပြီး ၎င်းတို့သည် မည်မျှပြင်းထန်သည် ဆိုသည်အပေါ်မူတည်၍ ထည့်သွင်းရန် ပြောကြားပါ။ အပြင်းထန်ဆုံးနှင့် အဖြစ်နိုင်ဆုံး အန္တရာယ်ဖြစ်နိုင်ချေသည် ဇယားကွက်၏ ဘယ်အပေါ်ဖက်တွင်ရှိနေလိမ့်မည်။

ပါဝင်သူများက မည်သည့် အန္တရာယ်ဖြစ်နိုင်ချေများသည် အဖြစ်နိုင်ဆုံးနှင့် အပြင်းထန်ဆုံးဖြစ်သည်ဆိုသည်ကို သတ်မှတ်ပြီးနောက်၊ နောက်တစ်ဆင့်သည် ပါဝင်သူများသည် လိမ္မော်ရောင်နှင့် အနီရောင် ဇယားကွက်များထဲတွင် ထည့်သွင်းထားသော အန္တရာယ်ဖြစ်နိုင်ချေများအတွက် လျှော့ပါးသက်သာစေရန် အစီအစဉ်ကို ဖန်တီးရန်ဖြစ်သည်။

ဇယားကွက်၏ အနီရောင်နှင့် လိမ္မော်ရောင် အကွက်များထဲတွင် ဖြည့်သွင်းထားသော ကပ်ခွာမှတ်စုများကို ခွာ၍ ၎င်းတို့ကို သီးခြား ဖလစ်ချပ် ဇယားစာရွက်တစ်ခုတွင် ကပ်လိုက်ပါ။ တစ်ခုချင်းစီသီးသန့် သတ်မှတ်ထားသော အန္တရာယ်ဖြစ်နိုင်ချေများကို တစ်ခုချင်းစီ ကြည့်ပြီးနောက် အကယ်၍ သူတို့သည် အန္တရာယ်ဖြစ်နိုင်ချေ အခြေအနေတစ်ခုခုနှင့် ရင်ဆိုင်ခဲ့ရသော် ၎င်းတို့ မည်ကဲ့သို့ လုပ်ဆောင်သင့်သည်ဆိုသည့်အကြောင်းကို စဉ်းစားရန် ပါဝင်သူများကို ပြောကြားပါ။ ထိုအန္တရာယ်ဖြစ်နိုင်ချေများကို လျှော့ချရန် အစီအစဉ်ချထားပြီးသော လုပ်ဆောင်ချက်များ၏ ကိရိယာတန်ဆာပလာများတွင် ပြောင်းလဲဖို့အတွက် အစီအစဉ်တစ်ခုကို မှတ်တမ်းတင်ရန်နှင့် ဆွေးနွေးပါ။ ထိုအစီအစဉ်ကို မှတ်တမ်းတင်ခြင်းအရ၊ အထောက်အပံ့ပေးသူ လူငယ်နှင့်အတူ "IS 2c - အန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ချက် ကိရိယာ" တွင် ဖြည့်သွင်းနိုင်သည်။ အန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ချက် ကိရိယာ ပြည့်စုံသွားသောအခါ၊ ၎င်းကို ဖိုင်ထဲ သေချာစွာ ထည့်သွင်းပြီး အဖွဲ့လုပ်ငန်းစဉ်ပြီးဆုံးပြီးနောက် ၎င်းကို ပြန်လည်ဆန်းစစ်ပါ။ ဤလေ့ကျင့်ခန်းလုပ်ဆောင်နေစဉ်အတွင်း မီးမောင်းထိုးပြထားသော ထူခြားထင်ရှားသည့် အန္တရာယ်ဖြစ်နိုင်ချေများတစ်ခုခု ရှိခဲ့လျှင်၊ တုန့်ပြန်မှု အတွက် ဝေါလ်ဗီရှင်ဝန်ထမ်း မှ တာဝန်ယူရမည်



## IS 2a - ပါဝင်သော လူငယ်များအတွက်သဘောတူညီချက် ပုံစံ

- ဤသင်တန်းကာလတွင် အကယ်၍ သင်သည် ဤလူငယ်အဖွဲ့၏ တစ်စိတ်တစ်ဒေသအဖြစ် ရွေးချယ်ခဲ့လျှင် သင်တွေ့ကြုံရနိုင်သည့် အန္တရာယ်ဖြစ်နိုင်ချေရှိသော သင်တို့၏ဘဝများထဲတွင် အရေးကိစ္စရပ်များကို ကျွန်ုပ်တို့ ဆွေးနွေးကြလိမ့်မည်။ ဤအန္တရာယ်ဖြစ်နိုင်ချေများကို သင့်ကို လုံခြုံရေးအရ ဆွေးနွေးကြလိမ့်မည်။
- အန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်နေစဉ် သင်တို့၏ ဘဝများအကြောင်း မေးခွန်းများရှိပေလိမ့်မည်။ သင်တို့ပေးလိုက်သော အဖြေများသည် အန္တရာယ်ဖြစ်နိုင်ချေများအကြောင်း မှတ်တမ်းတစ်ခုအတွက် သတင်းအဖြစ် ဖြည့်ဆည်းပေးလိမ့်မည်။ သို့သော် သင်တို့၏ သတင်းအချက်အလက်များကို လျှို့ဝှက်စွာသိမ်းဆည်းထားမည်ဖြစ်သည်။
- အန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ချက်တွင် သင်တို့၏ပါဝင်ခြင်းသည် ကိုယ့်သဘောအလျောက်ကိုယ် ဖြစ်သည်။ မည်သည့်နေရာတွင်မဆို သင်တို့ ရပ်တန့်နိုင်သည်။
- အကဲဖြတ်နေစဉ် သင်တို့ဖြေဆိုလိုသော မေးခွန်းများကိုသာ ဖြေဆိုနိုင်သည်။ အကယ်၍ သင်တို့ ပြောကြားလိုခြင်းမရှိလျှင် မဖြေဆိုပဲ နေနိုင်သည်။ သင်တို့သည် မည်သည့်အချိန်တွင်မဆို အကုန်လုံးကို ရပ်တန့်နိုင်သည်။
- ဤသင်တန်းကာလအတွင်း အကယ်၍ သင်သည် သင့်ကို ယုံကြည်စေရန် အထောက်အပံ့ပေးသူကို ပြောပြသော သတင်းအချက်အလက်များသည် တလွဲအသုံးပြုမှုတစ်ခု သို့မဟုတ် အန္တရာယ်ဖြစ်စေနိုင်သောအခြေအနေတစ်ခု ဖြစ်ပေါ်ခဲ့လျှင် အထောက်အပံ့ပေးသူသည် ၎င်းကို သက်ဆိုင်သော ဝေါလ်ဗီရှင် တာဝန်ရှိသူများကို ချက်ချင်း အကြောင်းကြားပေးလိမ့်မည်ဖြစ်သည်။



ကျွန်ုပ်သည် အထက်ပါအချက်အလက်များကို ဖတ်ရှုပြီး နားလည်သဘောပေါက်ပြီး ဖြစ်ပါသည်။

ကျွန်ုပ်သည် ဤအန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ချက်တွင်ပါဝင်ရန် ရွေးချယ်ပါသည်။

ကျွန်ုပ်သည် မည်သည့်အချိန်တွင်မဆို ရပ်လိုက်နိုင်သည်ကို နားလည်ပါသည်။

**အမည်** ----------------------------------------------------------------------------------------------------

**ရက်စွဲ** ----------------------------------------------------------------------------------------------------

**လက်မှတ်** -------------------------------



## IS 2b - ပါဝင်သူလူငယ်များ၏ မိဘများ သို့မဟုတ် အုပ်ထိန်းသူများအတွက် သဘောတူညီချက် ပုံစံ

- ဤသင်တန်းကာလတွင် အဖွဲ့သည် အကယ်၍ သူတို့သည် ဤလူငယ်အဖွဲ့၏ တစ်စိတ်တစ်ဒေသဖြစ်ခဲ့လျှင် သူတို့တွေ့ကြုံရနိုင်သည့် အန္တရာယ်ဖြစ်နိုင်ချေရှိသော သင်တို့ကလေးများ၏ ဘဝများထဲတွင် အရေးကိစ္စရပ်များကို ဆွေးနွေးကြလိမ့်မည်။ အန္တရယ်ဖြစ်နိုင်ချေများ အကြောင်းကို ပြောကြားခြင်းသည် သူတို့ကို အမျိုးအစားခွဲခြားရန် ကူညီကြမည်။ ဤအန္တရာယ်ဖြစ်နိုင်ချေများကို သင်တို့၏ ကလေးကို လုံခြုံစွာထားရှိစေရေးအရ ဆွေးနွေးကြမည်။
- ဤအန္တရာယ်အကဲဖြတ်ချက်တွင် သင့်ကလေး၏ပါဝင်မှုသည် ကိုယ့်သဘောအလျောက် ပါဝင်ခြင်းဖြစ်သည်။ သင်တို့၏ ကလေးသည် မည်သည့်အချိန်တွင်မဆို ရပ်တန့်နိုင်သည်။
- လူငယ်နှင့် လူကြီးများ၏ ပေးထားသော အဖြေများသည် ဤအန္တရာယ်ဖြစ်နိုင်ချေများအကြောင်းရေးသားသော နောက်ဆုံးမှတ်တမ်းတွင် ပါဝင်ကောင်းပါဝင်နိုင်သည်။ သို့သော် ၎င်းတို့ကို လျှို့ဝှက်ထားမည်ဖြစ်သည်။
- ဤအန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ချက်အတွင်း သင့်ကလေးသည် ဖြေဆိုလိုသည့် မေးခွန်းကိုသာ ဖြေဆိုနိုင်သည်။ အကယ်၍ သင့်ကလေးက ပြောကြားလိုခြင်း မရှိလျှင် မဖြေဆိုပဲ နေနိုင်သည်။
- ဤသင်တန်းကာလအတွင်း အကယ်၍ သင့်ကလေးသည် ၎င်းကို ယုံကြည်စေရန် အထောက်အပံ့ပေးသူကို ပြောပြသော သတင်းအချက်အလက်များသည် တလွဲအသုံးပြုမှုတစ်ခု သို့မဟုတ် အန္တရာယ်ဖြစ်စေနိုင်သောအခြေအနေတစ်ခု ဖြစ်ပေါ်ခဲ့လျှင် အထောက်အပံ့ပေးသူသည် ၎င်းကို သက်ဆိုင်သော ဝေါလ်ဗီရှင် တာဝန်ရှိသူများကို ချက်ချင်း အကြောင်းကြားပေးလိမ့်မည်ဖြစ်သည်။



ကျွန်ုပ်သည်အထက်ပါ အချက်အလက်များကို ဖတ်ရှုပြီး နားလည်သဘောပေါက်ပြီး ဖြစ်ပါသည်။

ကျွန်ုပ်ကလေးသည် အန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ချက်တွင် ပါဝင်ဆောင်ရွက်နိုင်သည်။

ကျွန်ုပ်ကလေးသည် မည်သည့်နေရာတွင်မဆို ရပ်လိုက်နိုင်သည် ကို ကျွန်ုပ်နားလည်သည်။

**အမည်** ------------------------------------------------------------

**ရက်စွဲ** ------------------------------------------------------------

**လက်မှတ်** ------------------------------------------------------------

## IS 2c - အန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ချက် ကိရိယာ

ကလေးသူငယ် ပါဝင်ခြင်းအတွက် ဝေါလ်ဗီရှင် ကလေးသူငယ်ကာကွယ်ခြင်း အန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ချက်ထဲမှ လိုက်လျောညီထွေဖြစ်အောင်ပြင်ဆင်ထားသည်။

လုပ်ဆောင်ချက်များမှတ်တမ်း

| ရက်စွဲ | စီမံချက် | ဤအကဲဖြတ်ချက်ကိုဖြည့်သွင်းသောလူပုဂ္ဂိုလ်/များ၏အမည် |
|---|---|---|
| လူငယ်အဖွဲ့၏ အတိုင်းအတာဖော်ပြချက်များ ( မည်သူနှင့် မည်မျှလောက် ပါဝင်ဆောင်ရွက်လိမ့်မည် လူကြီး ကြီးကြပ်သူ အပါအဝင် တည်နေရာ၊ အကြိမ်အရေအတွက်နှင့် အဖွဲ့လုပ်ငန်းစဉ်များ ကြာချိန်၊ ပြီးနောက် အခြားအရာများ) | | |
| လူငယ်အဖွဲ့၏ လုပ်ဆောင်ချက် အမျိုးအစားဖော်ပြချက်များ (မည်ကဲ့သို့သော လုပ်ဆောင်ချက် အမျိုးအစားများကို လုပ်ဆောင်ကြမည်နည်း။ အဖွဲ့အစည်းအဝေးများ ဒေသန္တရကာကွယ်ရေးကဲ့သို့သော လူငယ်ဦးဆောင်သည့် လုပ်ဆောင်ချက်များနှင့် ရှေ့ရေးများ) | | |
| လူငယ်အဖွဲ့၏ လတ်တလော အခြေအနေ ဖော်ပြချက်နှင့် ပါဝင်သူများနေထိုင်သည့် လူထု (အကယ်၍ ဖြည့်သွင်းနိုင်လျှင် (CPA)ကျေးရွာစောင့်ကြည့်အဖွဲ့များ၏ အဆင့်အတန်းအပါအဝင် ၎င်း၏ လူငယ်အဖွဲ့ကို ထောက်ပံ့ပေးနိုင်မှု) | | |
| လူငယ်၏အကြံပေးမှု ဖော်ပြချက် | | |

| ဖြစ်နိုင်ချေရှိသော အန္တရာယ်များ (လူငယ်အဖွဲ့ထဲရှိ လူငယ်ပါဝင်သူများကို) | ကြုံတွေ့ရမည့်အန္တရာယ် ဖြစ်နိုင်ချေရှိမှု (အလွန်ဖြစ်နိုင်သည် ၃၊ဖြစ်နိုင်သည် ၂၊ မဖြစ်နိုင်ပါ ၁) | နောက်ဆက်တွဲဖြစ်စဉ်များ၏ ပြင်းထန်မှု ( မြင့်မား ၃၊ အတော်အသင့် ၂၊ နိမ့်ပါး ၁) | အန္တရာယ်ဖြစ်နိုင်ချေကိုစီမံခန့်ခွဲမည့် အစီအစဉ် |
|---|---|---|---|
| ဥပမာ။ အချို့လူငယ်သာ အဖွဲ့နေရာသို့ လမ်းလျှောက်လာလိမ့်မည်၊ ထိုသို့လမ်းလျှောက်နေစဉ် သူတို့သည် ရုပ်ပိုင်းဆိုင်ရာအရ သို့မဟုတ် လိင်ပိုင်းဆိုင်ရာအရ တိုက်ခိုက်ခံရနိုင်သည် | ၂ | ၃ | ၁။ အဖွဲ့လုပ်ဆောင်ချက်များသည် ညနေဖက်တွင် နောက်ကျစွာ ပြီးဆုံးမှုများ မရှိသဖြင့် မည်သည့် လူငယ်မဆို အိမ်သို့ပြန်ရာနှင့် အိမ်မှ အဖွဲ့သို့လာရာတွင် အမှောင်ထဲတွင် လမ်းလျှောက်ရခြင်းမျိုး မရှိသည်ကို သေချာသိအောင် ပြောပြပါ။<br>၂။ အဖွဲ့တွင် ပါဝင်သူများ နေထိုင်သောနေရာသည် အဖွဲ့နေရာနှင့် အတော်အသင့်တွင် ဖြစ်ကြောင်း ၄င်းတို့သည် ခရီးအဝေးထွက်ရန် မလိုအပ်ကြောင်း ကို သေချာသိအောင် ပြောပြပါ။<br>၃။ လူငယ်ကို အိမ်သို့ပြန်ရာတွင် အုပ်စုများဖြင့် သွားနိုင်ရန် စီစဉ်ပါ၊ အကယ်၍ဖြစ်နိုင်လျှင် လူကြီး ဦးဆောင်သူများနှင့် တွဲ၍ သွားခိုင်းပါ။ |

**အခြားမှတ်ချက်များ/ညွှန်းဆိုချက်**

ဝေါလ်ဗီရှင်ဝန်ထမ်းကို အကြောင်းကြားသင့်သည်ဟု သင်ထင်သော အခြားအကြောင်းအရာများကို ရေးမှတ်ပါ။

## Notes